# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၁၇-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၅ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၃ ရက်၊

(၃) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၃ ရက်၊

(၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၃ ရက်၊

(၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်နှင့်

(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ပုလဲမြို့နယ်ရှိ လှိုင်းချောင်းတမံအပြီးဖျက်သိမ်း၍ နစ်နာခဲ့ရသည့် တောင်သူများအား နစ်နာကြေး ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ပုလဲမြို့နယ်ရှိ လှိုင်းချောင်းတမံအပြီးဖျက်သိမ်း၍ နစ်နာခဲ့ရသည့်တောင်သူများအား နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိသိလိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ Power Point ကို အသုံးပြု၍ တင်ပြခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ချင်းမြစ်ချင်းကျေးရွာအုပ်စု၊ နွယ်အင်းကျေးရွာအနီးမှာ လှိုင်းချောင်းရေလှောင်တမံကို ၂၀၀၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ စီမံကိန်းဆိုင်ရာအချက်အလက်များအရ တမံတည်ဆောက်ရေးအတွက် ကျပ်သန်းပေါင်း ၁၅၃၀ ခန့် ကုန်ကျခဲ့ပြီး ဆည်ရေသောက်ဧရိယာဧက ၁၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့တာလို့ သိရပါတယ်။ ကန်ရေပြည့်ရေလှောင်ပမာဏ ၅၃၇၀ ဧကပေနဲ့ ကန်ရေသေရေလှောင်ပမာဏ ၁၁၉၄ ဧကပေရှိတယ်လို့ ဆိုပေမယ့် တည်ဆောက်ပြီးစီးခဲ့တဲ့ ၂၀၀၇ ခုနှစ်ကစလို့ ယနေ့အချိန်အထိ တစ်ကြိမ်တစ်ခါမှ သတ်မှတ်ရေလှောင်ပမာဏကို စုဆောင်းနိုင်ခဲ့ခြင်းမရှိခဲ့သလို မူလစီမံကိန်းရည်မှန်းချက်များအတိုင်း တစ်ကြိမ်တစ်ခါမှလည်း စိုက်ပျိုးရေပေးဝေနိုင်ခဲ့ခြင်း မရှိဘူးလို့ သိရပါတယ်။ ဒေသခံလယ်သမားတွေဟာ စီမံကိန်းအတွက် လယ်ယာမြေဧက ၃၀၀ ကျော် အသိမ်းခံရတာသာ အဖက်တင်ပြီး ဖွတ်မရ ဓားမဆုံးဆိုသလို ဆည်ရေမရတဲ့အပြင် လယ်မဲ့၊ ယာမဲ့ဘဝကို ရောက်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point ထဲမှာ ရေလှောင်တမံရဲ့ ဒီကနေ့ လက်ရှိအခြေအနေများကို စိတ်မချမ်းမြေ့ဖွယ်ရာ ပကတိတွေ့မြင်ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေများ အသိမ်းမခံရခင်က ကျွန်မတို့လယ်သမားတွေအနေနဲ့ တစ်ဧကကို မိုးနှမ်းပျမ်းမျှ ငါးတင်းခန့်နဲ့ မိုးနှောင်းကုလားပဲတစ်ဧက ၁၅ တင်းခန့် စိုက်ပျိုးထွက်ရှိခဲ့ကြပါတယ်။ ဒါပေမဲ့ စီမံကိန်းစတင်တဲ့ ၂၀၀၅ ခုနှစ်ကစလို့ ယနေ့အချိန်အထိ ၁၀ နှစ်ကျော်ကာလတစ်လျှောက်လုံး တမံအတွင်းရှိ လယ်မြေတွေဟာ ထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိတော့တာကြောင့် ဆုံးရှုံးနစ်နာမှုတန်ဖိုးက အလွန်ကြီးမားများပြားလှပါတယ်။ အကျိုးဆက်အနေနဲ့တော့ ယခုအချိန်မှာ လယ်သိမ်းခံမိသားစုတွေက စီးပွားရေး၊ ပညာရေး၊

ကျွန်းမာရေး အဘက်ဘက်က နိမ့်ကျပြီး နာလန်မထူနိုင်အောင် အတိဒုက္ခရောက်နေကြရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီဒေသခံတောင်သူတွေရဲ့အကျိုးစီးပွားကို ကာလရှည်ကြာစွာ ထိခိုက်နစ်နာစေရုံသာမက ပြည်သူ့ဘဏ္ဍာငွေအမြောက်အမြား အဟောတိကံဖြစ်ခဲ့ရတဲ့ လှိုင်းချောင်းရေလှောင်တမံကို အပြီးသတ်ဖျက်သိမ်းပြီး ၁၀ နှစ်တာကာလအတွင်းမှာ စီးပွားရေး၊ သီးနှံ၊ လယ်မြေဆုံးရှုံးခဲ့ရတဲ့ တောင်သူများအား နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ ဒေသခံလယ်သမားတွေရဲ့ တောင်သူ ၇၃ ဦး လက်မှတ်ရေးထိုးတင်ပြတောင်းဆိုမှုကြောင့်မို့လို့ ဒီမေးခွန်းကို ဒေသခံပြည်သူလူထုတွေရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ရှိ လှိုင်းချောင်းတမံဟာ တည်ဆောက်ပြီးတဲ့ ၂၀၀၆ ခုနှစ်ကစပြီး ယနေ့အထိ တောင်သူလယ်သမားများကို အကျိုးဖြစ်ထွန်းမှုမရှိတဲ့အတွက်ကြောင့် အပြီးဖျက်သိမ်းပြီးတော့ နစ်နာတဲ့တောင်သူများအား နစ်နာကြေးထောက်ပံ့ရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်ပတ်သက်တဲ့မေးခွန်းအပေါ်မှာ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဖြေကြားဖို့ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင် လှိုင်းချောင်းရေလှောင်တမံဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ နွယ်အင်းကျေးရွာမှာ တည်ရှိပြီးတော့ ဆည်ရေသောက်စိစစ်ဧရိယာ ၁၀၀၀ ခန့် ရေပေးဝေရန်ရည်ရွယ်ပြီးတော့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ကန်ရေပြည့်ရေလှောင်ပမာဏ ၅၃၇၀ ပေ ဖြစ်ပြီးတော့ နှစ်အလိုက် ကန်အတွင်းရေဝင်ရောက်မှု အတော်အသင့်ရှိသော်လည်း ရေဝပ်ဧရိယာ၏ မြေအောက်ဘူမိဗေဒအခြေအနေအရ သဲဆန်သောမြေအမျိုးအစားဖြစ်ပြီး ရေစိမ့်ထွက်သော ဂူလိုဏ်ပေါက်များရှိနေသဖြင့် ရေများစိမ့်ထွက်

လျက်ရှိသောကြောင့်လည်းကောင်း၊ အပူချိန်မြင့်မားသောဒေသဖြစ်၍ အငွေ့ပျံဆုံးရှုံးမှုများသော ကြောင့်လည်းကောင်း တမံတွင်းရေသိုလှောင် ထိန်းသိမ်းမှုလျော့ကျလျက်ရှိကြောင်း တွေ့ရှိပါတယ်။ ဒီလို တွေ့ရှိတာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတာနဲ့ တစ်ထပ်တည်းပါပဲ။ ဒီဆည်က တကယ်တော့ ရေမနေဘူးဆိုရင် ဆည်မဆောက်ဖို့ကောင်းတာပေါ့နော်။ EIA, SIA ရှိခဲ့မယ်ဆိုလို့ရှိရင် တော့။ ရေမနေတဲ့ဆည်ကို ဆည်ဆောက်တဲ့အတွက် အခုလိုမျိုးတောက်လျှောက် တောင်သူလယ်သမား တွေရဲ့ ရေမနေတဲ့ဆည်ကို ပြန်ပြီးတော့ ဖျက်သိမ်းဖို့တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြေအောက်ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် စူးစမ်းလေ့လာမှုများအရ ၂၀၁၃ ခုနှစ်မှာ တမံရေဝပ်ဧရိယာ၏ ကြမ်းပြင်ရေယိုစိမ့်မှုမရှိရေးအတွက် ရေစိမ့်တားလွှာခင်းခြင်းလုပ်ငန်း စတင် ဆောင်ရွက်ရန် စီစဉ်ခဲ့ရာမှာ တမံရေဝပ်ဧရိယာအတွင်း ဝင်ရောက်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသော နွယ်အင်းကျေးရွာမှ လယ်သမားများက ကန့်ကွက်ခဲ့ပါတယ်။ ဒီဟာကို စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီဆည်တွေမှာ ရေစိမ့်လွှာခင်းတဲ့ လုပ်ငန်းကိုလည်း စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်လက်မဆောင်ရွက်ရန်တားမြစ်တဲ့အတွက်ကြောင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရပ်ဆိုင်းခဲ့ရပါတယ်။ လှိုင်းချောင်းရေလှောင်တမံ၏ နှစ်စဉ်စီးဝင်ရေအခြေအနေ အရ ရေဝင်ရောက်မှု အတော်အသင့်ကောင်းမွန်ပြီးတော့ ၂၀၁၁ ခုနှစ် မိုးရာသီတွင် ကန်ရေပြည့်မှတ် ထက်ကျော်လွန်ပြီးတော့ ရေပိုလွှဲမှ လေးပေခန့်ထိ ရေကျော်ကျစီးဆင်းခဲ့သဖြင့် ရာသီဥတုကောင်းမွန် လာသည်နှင့်အမျှ မိုးရွာသွန်းမှုများပြားလာပြီး တမံအတွင်းရေဝင်ရောက်မှု ပိုမိုကောင်းမွန်လာမည် ဖြစ်ပါတယ်။ ထို့ကြောင့် ဒေသခံတောင်သူလယ်သမားများနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီးတော့ ကန်တွင်းရေဝပ်ဧရိယာ ရေယိုစိမ့်မှုမရှိအောင် ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ခြင်းဖြင့် မူလ ရည်ရွယ်ချက်ဖြစ်သော ဒေသ၏စိုက်ပျိုးရေ၊ သောက်သုံးရေလိုအပ်ချက်များကို ကောင်းမွန်စွာ အကျိုးပြုနိုင်သည့် ရေလှောင်တမံတစ်ခုဖြစ်သောကြောင့်လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကောင်းမွန်မှန်ကန်သော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သောကြောင့်လည်းကောင်း ရေလှောင်တမံအား ဖျက်သိမ်းရန်မှာ မသင့်တော်ပါ။ ဒါက ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ သုံးသပ်ချက်ပါခင်ဗျား။

ရေလှောင်တမံစီမံကိန်းတည်ဆောက်စဉ်က နစ်နာခဲ့သော တောင်သူများအား နစ်နာကြေးပေး ရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်လမှာ လယ်ယာမြေဥပဒေ၊

နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးနောက်မှာ ဆောင်ရွက်သည့်စီမံကိန်းလုပ်ငန်းများဖြစ်သောကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများမရှိစေရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါဆည်သည် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှစတင်တည်ဆောက်ခဲ့သောဆည်ဖြစ်ခြင်းကြောင့် လျော်ကြေးပေးရန်ကိစ္စမှာ စိုက်ပျိုးသီးနှံများစာရင်း၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာရင်းများ၊ ထိုမြေပေါ်တွင် တည်ဆောက်ထားရှိသော လျော်ကြေးပေးထိုက်သည့်အခိုင်အမာအဆောက်အဦစာရင်းစသည်တို့ကို ယခုမှ ကောက်ယူမည်ဆိုပါက မှန်ကန်မှုရရှိရန် ခက်ခဲခြင်း၊ ဆည်တည်ဆောက်စဉ်ကာလက ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်နှင့်အညီ ထိုစဉ်က လုပ်ထုံးလုပ်နည်းနှင့်အညီ မြေရယူဆောင်ရွက်ခဲ့ခြင်း၊ စီမံကိန်းလုပ်ငန်းများမှာ ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများအဖြစ် အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည့် လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများကို ပြန်လည်ဖြေရှင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် နစ်နာကြေးထောက်ပံ့ပေးရန်အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း ပြန်လည်ပြီးတော့ မေးမြန်းခွင့်ပြုပါရှင်။ ဒုတိယဝန်ကြီးအခုလိုမျိုးရှင်းရှင်းလင်းလင်းဖြေကြားပေးတဲ့အတွက် ကျွန်မကျေးဇူးတင်ပါတယ်။ သို့သော်လည်း ဝန်ကြီးတို့ဌာနအနေနဲ့ ကောက်ယူရရှိတဲ့စာရင်းဟာ ကျွန်မတို့ မိုးရေများတဲ့၊ မိုးကြီးတဲ့နှစ်အတွက် ရေဝင်တယ်လို့ပြောပါတယ်။ အဲဒီတော့ တကယ်တမ်းတော့ လက်တွေ့မှာတောင်သူလယ်သမားတွေဟာ ဒီဆည်ကိုစတင်ပြီးတော့ တည်ဆောက်စဉ်အချိန် ကတည်းကနေစပြီးတော့ အခုအချိန်အထိ လယ်သမားတွေရဲ့ အကျိုးစီးပွားအတွက်ကို ဘာတစ်ခုမှခံစားခဲ့ရတာမရှိပါဘူး။ အဲဒီတော့ ရေကြီးတဲ့အချိန်၊ မိုးများတဲ့အချိန်မှာမှ ဒီဆည်ရေကို ခွဲဝေသုံးစွဲရမယ်ဆိုလို့ရှိရင် မိုးမရတဲ့အချိန်၊ ရေမကြီးတဲ့အချိန်မှာ ဒီဆည်ကနေပြီးတော့မှ လယ်သမားတွေဟာ ဘယ်လိုမျိုးများအကျိုးအမြတ်တွေကို ရရှိနိုင်မှာသလဲ။ အထူးအားဖြင့် လက်ရှိအချိန်တွေမှာ လယ်သမားတွေဟာစီးပွားရေးအရကော ပညာရေးအရရော၊ ကျန်းမာရေးအရရော ချွတ်ခြုံကျပြီး ဆင်းရဲနေကြတာဟာဒီကနေ့ လက်တွေ့အခြေအနေပါ။ အဲဒီတော့ ကျွန်မတို့ မိုးရေကိုမျှော်ကိုးပြီးမှ ဒီဆည်ကနေပြီး ရေကိုခွဲဝေသုံးစွဲရမယ်ဆိုလို့ရရှိရင် လယ်သမားတွေရဲ့ဘဝတွေဟာ ဒီထက်ပိုပြီးတော့ ဆင်းရဲသွားစေပါတယ်။ ဒီထက်ပိုပြီး ဒုက္ခရောက်စရာပဲရှိပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တာက ဝန်ကြီးဌာနအနေနဲ့

လက်တွေ့ တကယ့်ပကတိအခြေအနေအမှန်ကို သေသေချာချာလေ့လာဆန်းစစ်ပြီးမှ ဘယ်လောက်ထိအောင် ဆုံးရှုံးနစ်နာခဲ့တယ်၊ ဘယ်လောက်ထိအောင် ဒီလူတွေကို ပြန်လည်ပြီးတော့ ကုစားပေးရမယ်ဆိုတာဟာ လက်တွေ့နယ်ပယ်မှာ သေချာကြည့်ရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီလိုမျိုးစာရင်းဇယားအရ တင်ပြတဲ့အချက်ထက် ပိုပြီးတော့မှ ကျွန်မတို့လက်တွေ့နယ်ပယ်မှာ သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးတော့မှ၊ ကွင်းဆင်းလေ့လာပြီးမှ ဒါကိုဆောင်ရွက်သင့်ပါတယ်လို့ ကျွန်မအနေနဲ့ထပ်မံပြီးတော့ ဝန်ကြီးဌာနကို ကျွန်မတိုက်တွန်းပြီးတော့ မေးမြန်းရခြင်း ဖြစ်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ပြီးခဲ့တဲ့တင်ပြချက် မှတ်တမ်းမှတ်ရာများအရရော၊ လက်ရှိအနေအထားအရရော ဒါက လုံးဝကို စိုက်ပျိုးလို့ မရအောင် ရေမနေတဲ့ ဆည်ဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ် တော်ကြီးထပ်ဆင့်ဆွေးနွေးတဲ့အပေါ်မှာ များစွာကျွန်တော်လက်ခံပါတယ်။ ဒီဥစ္စာဟာ အကျိုးမရှိတဲ့ သဘောတရားဖြစ်နေတဲ့အတွက် ဒီဆည်ထဲမှာ နဂိုက ဧက ၃၀၀ ကို လယ်သမားတွေက ဖယ်ပေး ရတယ်။ လောလောဆယ် မှာ လယ်သမားတွေက ဧက ၂၅၀ လောက် ဝင်ပြီးတော့ အတွင်းမှာ ဆည်ကြီးအတွင်းမှာ ဝင်ပြီးတော့ စိုက်ပျိုးနေကြတယ်။ နောက်ပြီးတော့ ဒီဆည်ကြီးက တောက်လျှောက် ဒီတိုင်းပဲထားတာခြင်းထက် ဆည်ကြီးကို ဖယ်ပေးရမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်ရဲ့လေ့လာချက် အရ ဧက ၃၀၀ လောက် ပေါ် လာနိုင်စရာအနေအထားရှိတဲ့အတွက် ဒီဥစ္စာ ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့် မေးခွန်းကို အလေးအနက်ထားပြီးတော့ ကျွန်တော် ပြန်ပြီးတော့ဌာနတာဝန်ရှိသူနဲ့ပြန်ဆွေးနွေးပြီးတော့ ဒီဥစ္စာကို ဖယ်သင့်/မသင့်၊ ဖယ်မယ်ဆို ဘယ်တော့ဖယ်မလဲအဲဒါကို အတိအကျ ကျွန်တော်ပြန်ပြီးတော့ ဆွေးနွေးညှိနှိုင်းပြီးတော့ အကြောင်း ပြန်ကြားပေးမယ်ဆိုတာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ကသာမြို့နယ်၊ ရွှေလီမြစ်ရိုးရှိ ပြိုကျပျက်စီးနေသော အလျားပေ ၁၀၄၆၅ ရှိ ဝက်တူးကျေးရွာ ရွှေလီတာပေါင်ပြုပြင်တည်ဆောက်ရေးနှင့် တာပေါင်ထိခိုက်မှုမှ ကာကွယ်ရန် ပိတောက်ကုန်း၊ ရွှေလီတာပေါင် ရေထွက်ပြွန်နှစ်ခုတည်ဆောက်ရေးတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေအဖြစ် ချထားပေး၍ အချိန်မီပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ ကျန်းမာစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီး တင်ပြရရင် ကသာမြို့နယ်အတွင်း ရွှေလီမြစ်ရိုးတစ်လျှောက် ငါးထပ်ကြီး၊ ငါးထပ်လေး၊ ဆင်ဆင်း၊ ဆိပ်သာ၊ ကျွန်းကုန်း၊ ပုတောက်ကုန်း၊ ဝက်တူး၊ ဝင်ကရစတဲ့ကျေးရွာတွေဟာ မြစ်ကမ်းတစ်ဘက်တည်း ပေါ်မှာပဲ နီးနီးစပ်စပ်တည်ရှိကြပြီး အားလုံးနီးပါး တောင်သူတွေ၊ လယ်သမားတွေဖြစ်ကြပါတယ်။ စိုက်ဧကစာရင်းအရ နွေစပါး ၆၈၆၂ ဧက အခြားသီးနှံ ၁၅၇၇ ဧက ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်အပိုင်း ဒီရွာတွေရဲ့တစ်မြေတည်း တစ်ဆက်တစ်စပ်တည်ရှိတဲ့ ရှမ်းပြည်နယ်အပိုင် မဘိမ်းမြို့နယ်အတွင်းက ရွှေကျောင်းကုန်း၊ နန်းတွင်း၊ ငအိုးရွာတွေရဲ့စိုက်ဧကတွေနဲ့ပေါင်းလိုက်ရင် ဧကပေါင်း တစ်သောင်းကျော်ခန့်ရှိပါတယ်။ ရွှေလီမြစ်ဘေးမှာ ရွာတည်ထားကြတော့ ရေကြီးချိန်မြစ်ရေတက်လာရင် စိုက်ပျိုးမြေတွေ ရေဘေးဒဏ်မခံရဖို့ရွှေကျောင်းကို့၊ နန်းတွင်းရွာတွေကနေပြီးတော့ ဝက်တူးရွာအထိ အလျားပေ ၃၆၈၀၀ ရှိတဲ့ မြေသားတမံကို ၁၉၈၂-၁၉၈၃ ခုနှစ်ကတည်းက ဒေသခံတွေရဲ့လုပ်အားနဲ့ ကိုယ်ထူကိုယ်ထတည်ဆောက်ထားခဲ့ပါတယ်။ နောက်ပိုင်း ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဆည်မြောင်းဌာနက တာဝန်ယူလုပ်ဆောင်ပေးတယ်လို့ သိရပါတယ်။ အခုတော့ ဒီမြေသားတာပေါင်ရိုးဟာ အချို့နေရာတွေမှ ပျက်စီးယိုယွင်းနေပါတယ်။ အထူးသဖြင့် ကျွန်းကုန်းရွာကနေ ဝက်တူးရွာအထိ အလျားပေ ၁၀၄၆၅ ပေခန့်ဟာ ဆိုးဆိုးရွားရွားပျက်စီးနေတာကို ကျွန်တော်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ရပါတယ်။ အချို့အချို့သောနှစ်တွေများမှာ ဒီမြစ်ရေဟာ သာမန်ထက်ပိုပြီး ရေကြီးရေလျှံဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင် ကျိုးပေါက်တဲ့နေရာကနေ ရေဒလဟောဝင်ပြီး စိုက်ထားပျိုးထားတာတွေ အလဟဿ ဆုံးရှုံးကုန်နိုင်ပါတယ်။ ဒါကြောင့် ပျက်စီးယိုယွင်းနေတဲ့အပိုင်းကို ပြုပြင်တည်ဆောက်ပေးဖို့ လိုအပ်နေပါပြီ။ နောက်တစ်ခုက တာတမံရေရှည်တည်တံ့ခိုင်မြဲရေး၊

ခိုင်မာရေးတစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်စေဖို့ ပိတောက်ကုန်းရွာမှာ တာပေါင်ရေထွက်ပြွန်နှစ်ခု ပြုပြင်တည်ဆောက်ပေးဖို့လည်း လိုအပ်နေပါတယ်။ တကယ်တော့ ဒီပြဿနာက ဟိုတုန်းကတည်းက ရှိခဲ့တာပါ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလမှာ ပြည်ထောင်စုအဆင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လုပ်ငန်းတစ်ခုလုံးရဲ့ ၆၂ ရာခိုင်နှုန်းဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရရှိရန်ပုံငွေနှင့် ပွင့်လင်းရာသီမှာ လုပ်ငန်းများ ဆောင်ရွက်မှာဖြစ်ကြောင်း ရန်ပုံငွေအလုံအလောက်ရရင် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြီးစီးမှာဖြစ ကြောင်း ဖြေကြားခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း ၂၀၁၅-၂၀၁၆ ရန်ပုံငွေမရမီ နောက်ဆုံး လုပ်ငန်းပြီးစီးမှုအခြေအနေကို ဖြေကြားရာမှာတော့ လုပ်ငန်းတစ်ခုလုံးရဲ့ ၇၄ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၁၅-၂၀၁၆ တာတမံများတောင့်တင်းခိုင်မာရေး ခေါင်းစဉ်အောက်မှ ရန်ပုံငွေတင်ပြတောင်းခံခဲ့ပေမယ့် လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေစိစစ်လျှော့ချတဲ့အထဲပါသွားလို့ ယခင်အစိုးရသက်တမ်းကာလအတွင်း မပြီးပြတ်နိုင်တော့ခြင်းကြောင့် ကတိကဝတ်ဖြစ်ပေါ်နေတဲ့စာရင်းက ပယ်ဖျက်ပေးပါရန်ဆိုပြီး တင်ပြထားကြောင်းမှတ်တမ်းများအရ သိရှိရပါတယ်။ ဒီကိစ္စဆောင်ရွက်ဖို့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာလည်း ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေခွင့်ပြုချက်မှာ မပါဝင်သေးကြောင်း တွေ့ရပါတယ်။ ဒေသခံတွေကတော့ သူတို့ကိုလျစ်လျူရှုတယ်လို့ခံစားရကြောင်း ပြောပြပါတယ်။ ဒီပြဿနာဟာ အချိန်အားဖြင့်လည်း ကြာညောင်းလာပြီဖြစ်လို့ ဒေသခံပြည်သူတွေ သဘာဝဘေးနဲ့ကင်းဝေးပြီး စိတ်ချလက်ချနေနိုင်အောင် ဒီလုပ်ငန်းကို ရာနှုန်းပြည့် အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် (က) ပျက်စီးကျိုးပေါက်နေတဲ့ အလျား ၁၀၄၆၅ ပေရှိ ကွျန်းကုန်းမှ ဝက်တူးအထိ တာပေါင်ကိုပြုပြင်တည်ဆောက်ရန် (ခ) အဲဒီတာပေါင်မပျက်စီးအောင် တစ်စိတ်တစ်ဒေသဟန့်တားကာကွယ်နိုင်ဖို့ ပိတောက်ကုန်းရွာ တာပေါင်ရေထွက်ပြွန်နှစ်ခု ပြုပြင်တည်ဆောက်နိုင်ရန်တို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေအဖြစ် ချထားပေးပြီး အချိန်မီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်လောက်မှာ စတင်ဆောင်ရွက်ပေးနိုင်မည်၊ မရှိပါက ဘာကြောင့်ဆိုတာကို ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှာတစ်ဆင့် သက်ဆိုင်ရာကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ကြည်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ကသာမြို့နယ်၊ ရွှေလီမြစ်ရိုးရှိ ပြိုကျပျက်စီးနေသော အလျားပေ ၁၀၄၆၅ ရှိ ဝက်တူးကျေးရွာ ရွှေလီတာပေါင် ပြုပြင်တည်ဆောက်ရေးနှင့် တာပေါင် ထိခိုက်မှုမှကာကွယ်ရန် ပိတောက်ကုန်း၊ ရွှေလီတာပေါင်ရေထုတ်ပြွန် နှစ်ခုတည်ဆောက်ရေးတို့ အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှာ လျာထားပါဝင်ပြီး ဖြစ်ပါ၍ ယခုလာမည့်ပွင့်လင်းရာသီတွင် လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် အစိုးရသစ်၏လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်နေသောကြောင့် မှူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်က တင်သွင်းတဲ့ အစိုးရသစ်၏လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ၁၆ ဦးအနက် ရှစ်ဦးက ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁၆-၈-၂၀၁၆ ရက်နေ့မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ကိုယ်စားလှယ်ရှစ်ဦး ဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် တင်သွင်းသောအဆိုနှင့်စပ်လျဉ်းပြီး အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ အဆိုရှင်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏မှုခင်းဖြစ်ပွားမှုနှင့် တရားဥပဒေစိုးမိုးမှုအခြေအနေများ၊ မှုခင်းအမျိုးအစားများနှင့် အမှုဖြစ်ရခြင်း၏ဆက်နွှယ်မှုများ၊ ရဲလုပ်ငန်း၏အရေးပါမှု အခန်းကဏ္ဍ၊ မှုခင်းကျဆင်းလျှင် ရရှိလာမည့် အကျိုးဆက်များဆိုပြီး အပိုင်းလေးပိုင်း တင်ပြသွားပါတယ်။

အဆိုရှင်ရဲ့ တင်ပြချက်ထဲက မှုခင်းကျဆင်းရေးမှာ ရဲလုပ်ငန်းရဲ့အရေးပါမှုအခန်းကဏ္ဍကို ကျွန်တော့်မဲဆန္ဒနယ်က လက်တွေ့အခြေအနေနဲ့ နှိုင်းယှဉ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မိုးကောင်းမြို့နယ်ဟာဆိုရင် ကမ္ဘာကျော်ရတနာများ ထွက်ရှိတဲ့ ဖားကန့်ဒေသနှင့် တနိုင်းဒေသကို ဝင်ရောက်တဲ့ အဓိကလမ်းမကြီးမှာ တည်ရှိပါတယ်။ အဲဒီစီးပွားရေးဒေသများကို အဓိကဖြန့်ဖြူးနေတဲ့ မူးယစ်ဆေးဝါးများ ခရီးတစ်ထောက်နားရာဒေသလည်းဖြစ်ပြီး ယခင်ခေတ်အဆက်ဆက်က ရဲစခန်းမှူးတွေရဲ့ အပြောင်းအရွှေ့မှာ ပေါက်ကြေးကြမ်းတဲ့ ဒေသလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာနိုင်ငံမှာ ရဲဝန်ထမ်းတစ်ဦးဟာ လူ ၁၀၀၀ လောက်ကို တာဝန်ယူဆောင်ရွက်နေရတယ်လို့ ဆွေးနွေးသွားပါတယ်။ လေ့လာသိရှိရသလောက် ရုံးစာရေးဝန်ထမ်းအပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ ရဲအင်အား ၇၇၅၆၀ ဦးရှိပြီး ကချင်ပြည်နယ်မှာ ၁၈၀၀ ဦးရှိပါတယ်။ လူဦးရေ တစ်သိန်းခွဲကျော်ရှိတဲ့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာတော့ ရဲဝန်ထမ်းအင်အား ၁၀၄ ဦးသာရှိတဲ့အတွက် ရဲဝန်ထမ်းတစ်ဦးဟာ လူပေါင်း ၁၅၀၀ လောက်ကို တာဝန်ယူဆောင်ရွက်နေရသလို ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့်မို့လည်း မြို့နယ်ရဲ့ မှုခင်းကျဆင်းရေးဆောင်ရွက်ရာမှာ မနိုင်မနင်းရှိလှတာကိုလည်း တွေ့မြင်နေရပါတယ်။ ဥပမာအားဖြင့် ရဲလုပ်ငန်းရဲ့ ရက် (၁၀၀) စီမံချက်မှာ မှုခင်းကြိုတင်ကာကွယ်ရေးအတွက်ဆိုပြီး လှည့်ကင်းများ၊ ဝပ်ကင်းများဆောင်ရွက်ပါမည်ဟု ထည့်သွင်းဖော်ပြထားပါတယ်။ လှည့်ကင်း၊ ဝပ်ကင်းဆောင်ရွက်မှုအခြေအနေကို မေးမြန်းကြည့်ရာမှာ ရဲအင်အားမလုံလောက်တဲ့အတွက် တစ်ကြိမ်မျှ မဆောင်ရွက်နိုင်သေးကြောင်း

**မူကြမ်း**

ပြန်လည်ဖြေကြားခဲ့ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ မဲဆန္ဒနယ်ဆင်းတဲ့အခါ ပြည်သူတွေက မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်နေတာတွေပပျောက်အောင် ဆောင်ရွက်ပေးဖို့ နယ်တိုင်း၊ နယ်တိုင်းက တောင်းဆိုကြပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်မှရမယ့်အကြောင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တွေဖွဲ့ပြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းနှိမ်နင်းနိုင်တဲ့အကြောင်း အကြံပြုခဲ့ပါတယ်။ ဒီတစ်ကြိမ် လွှတ်တော်နားရက်မှာ နယ်ဆင်းတော့ ရပ်ရွာက ဖွဲ့စည်းထားတဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တွေ တင်ပြတာက မူးယစ်ဆေးဝါးရောင်းဝယ်တဲ့သူတွေကို ဝိုင်းဝန်းပိတ်ဆို့ထားပြီးမှ ဖမ်းဆီးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ကိုအကြောင်းကြားတဲ့အခါမှာ တစ်နာရီနှင့်လည်းပေါ်မလာ၊ နှစ်နာရီနှင့်လည်းပေါ်မလာနှင့် လုပ်ရကိုင်ရတာ အခက်အခဲရှိလှတဲ့ အကြောင်း၊ ရဲကိုကြိုတင်သတင်းပေးထားပြန်ရင်လည်း သတင်းတွေပေါက်ကြားတဲ့အတွက် ဖမ်းလို့မမိနိုင်တဲ့အကြောင်း ညည်းကြညူကြ တင်ပြကြပါတယ်။ ပြည်သူများရဲ့ တင်ပြချက်နှင့်ပတ်သက်ပြီး တာဝန်ရှိသူများနှင့် ဆွေးနွေးကြည့်တဲ့အခါမှာ သူတို့မှာလည်း ကင်းတာဝန်၊ ရုံးတာဝန်၊ လုံခြုံရေးတာဝန်၊ လူကြီးလမ်းကြောင်းစတဲ့ အကြောင်းပြချက်တွေနဲ့ သတင်းကြားပေမယ့် ဖမ်းဆီးဖို့ လူစုတဲ့နေရာမှာ နှောင့်နှေးကြန့်ကြာနေရကြောင်း ပြန်လည်ဖြေကြားကြပါတယ်။ ဒီအခြေအနေများကို ထောက်ရှုခြင်းအားဖြင့် ရဲဝန်ထမ်းအင်အားမလုံလောက်တဲ့အတွက်ကြောင့်မို့လို့ မှုခင်းကျဆင်းရေး စီမံချက်များ အကောင်အထည်မဖော်နိုင်တဲ့အပြင် အားတက်သရော ပူးပေါင်းပါဝင်တဲ့ပြည်သူလူထုကိုလည်း များစွာစိတ်ပျက်အားလျော့စေတယ်ဆိုတာ ထင်ရှားစွာတွေ့မြင်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ရဲတပ်ဖွဲ့ဖွဲ့စည်းပုံကိုကြည့်လျှင် မီးရထားရဲ၊ ယာဉ်ထိန်းရဲ၊ ရေကြောင်းရဲ၊ လေကြောင်းရဲ၊ သစ်တောထိန်းသိမ်းရေးရဲ၊ အမြန်လမ်းလုံခြုံရေးရဲ၊ ဓာတ်ငွေ့ပိုက်လိုင်းစောင့်ရဲ၊ ရဲသတင်းတပ်ဖွဲ့၊ ရဲတပ်ရင်းစသဖြင့် ဖွဲ့စည်းထားရာမှာ ရဲတပ်ရင်းတွေကလွဲလို့ ကျန်တဲ့ရဲဖွဲ့စည်းပုံအင်အားများ အလွန်နည်းပါးနေတာကို တွေ့ရှိရပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ရဲတပ်ရင်း ၃၅ ရင်း ဖွဲ့စည်းထားပြီး ရဲတပ်ရင်းတစ်ခုမှာ တပ်ခွဲလေးခွဲ၊ တပ်ခွဲတစ်ခုမှာ အင်အား ၂၀၀ နှင့်ဖွဲ့စည်းထားကြောင်း သိရပါတယ်။ အရေးပေါ်အခြေအနေတွေဖြစ်ပေါ်လာပါက အချိန်မီထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာ ရဲတပ်ရင်းနှစ်ရင်း၊ မြစ်ကြီးနားမှာ ရဲတပ်ရင်းတစ်ရင်းရှိပါတယ်။ ဘယ်လောက်ပဲ ရဲတပ်ရင်းတွေဖွဲ့စည်းထားတယ်ဆိုစေကာမူ အရေးကြုံလာရင် နယ်မြေခံရဲတပ်ဖွဲ့တွေကပဲ တာဝန်ယူဖြေရှင်းဆောင်ရွက်နေရတာကိုပဲ တွေ့ရပါတယ်။ ဒီ့အတွက်

ကြောင့်မို့ ရန်ကုန်၊ မန္တလေး၊ ရခိုင်ဒေသမှာရှိတဲ့ ရဲတပ်ရင်းများမှအပ ကျန်တဲ့ဒေသမှာရှိတဲ့ အင်အားပိုလျှံလျက်ရှိတဲ့ ရဲတပ်ရင်းက ရဲဝန်ထမ်းတွေကိုသာ အမှန်တကယ်အင်အားနည်းနေတဲ့ဒေသများမှာရှိတဲ့ နယ်မြေခံရဲတပ်ဖွဲ့ကို အင်အားမျှဝေဖြည့်တင်းလိုက်နိုင်ပါက မှုခင်းကျဆင်းရေးအတွက် ထိရောက်စွာ ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အပြင် နိုင်ငံတော်ရဲ့ရဲတပ်ရင်းတပ်ဖွဲ့များကို ထောက်ပံ့နေရတဲ့၊ ချီးမြှင့်နေရတဲ့ကုန်ကျစရိတ်တွေကလည်း ပိုမိုအကျိုးရှိလာနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်နေရတဲ့ ရဲဝန်ထမ်းများကိုလည်း နိုင်ငံတော်မှ ထိုက်သင့်တဲ့ပံ့ပိုးမှုများကို ခေတ်နှင့်လျော်ညီစွာ ပြုလုပ်ပေးသင့်ပါတယ်။ ဥပမာ - အမှုတစ်ခုကို ဖမ်းဆီးရုံးတင်တရားစွဲတဲ့အခါမှာ အမှုမပြီးပြတ်မချင်း ဖမ်းဆီးတဲ့နယ်ထိန်းက ရုံးထုတ်ရာမှာ သက်သေတွေ၊ တရားခံတွေကိုပါ အစစအရာရာစရိတ်တွေ အကုန်အကျခံနေရတာတွေလည်း ရှိနေပါတယ်။ တရားရုံးနဲ့ဝေးလံတဲ့ ကျွန်တော်တို့ဒေသမှာဆိုရင် ပိုလို့ဆိုးပါတယ်။ ဒီအတွက်ကြောင့်လည်း မှုခင်းများလိုက်ရမှာ၊ ဖမ်းရမှာ ကိုရှောင်ရှားရင်းနဲ့ မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်ကြီး မအောင်မမြင်ဖြစ်နေရတယ်လို့လည်း သုံးသပ်တွေ့ရှိရပါတယ်။ ဒီ့အပြင် အရေးကြီးတဲ့အချက်တွေကတော့ အဂတိကင်းစင်သော တရားစီရင်ရေးများ၊ ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းတို့ဟာ မှုခင်းကျဆင်းရေးအတွက် အရေးပါကြောင်း အခြားပုဂ္ဂိုလ်များလည်း ဆွေးနွေးသွားပြီးသား ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ မှုခင်းကျဆင်းရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေရတဲ့ ရဲတပ်ဖွဲ့များ အင်အားဖြည့်တင်းပေးဖို့ အရေးတကြီးလိုအပ်ပါကြောင်း ဆွေးနွေးရင်းနဲ့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာခင်ဗျား။ ကျွန်တော်ကတော့ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ မှုခင်းကျဆင်းရေးနှင့်ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ မှုခင်းများဖြစ်ပွားခြင်းဟာ အဆိုရှင်တင်ပြခဲ့သလို ဒီမိုကရေစီပန်းတိုင်ဆီ ဦးတည်ချီတက်နေတဲ့အစိုးရသစ်ရဲ့လုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ မှုခင်းအမျိုးအစားများအလိုက် အုပ်စုခွဲပြီး လက်လှမ်းမီသလောက်ဆွေးနွေးသွားပါမယ်။ နံပါတ်(၁)အနေနဲ့ မူးယစ်ဆေးဝါးနှင့် လူကုန်

ကူးမှုများဟာ ပထမဆုံးဦးစားပေးဆောင်ရွက်ရမယ့် မှုခင်းအမျိုးအစားများဖြစ်ပါတယ်။ ယနေ့ နိုင်ငံအနှံ့အပြားမှာ ကူးစပ်လွယ်ပြီး တော်တော်အမြစ်တွယ်နေပြီဖြစ်ပါတယ်။ မြို့ပြများမှာ အာဏာပိုင်တွေနဲ့နီးလို့ ထင်ထင်ပေါ်ပေါ်ကြီးမရှိလှပေမယ့် အလှမ်းဝေးတဲ့ကျေးလက်ဒေသတွေမှာတော့ တရားဝင်ရောင်းဝယ်ဖောက်ကားသုံးစွဲခွင့်ပြုထားသလို ဖြစ်နေတာပါပဲ။ အများဆုံးကတော့ ရာမစိတ်ကြွဆေးပဲဖြစ်ပါတယ်။ ဝမ်းနည်းစရာကောင်းတာကတော့ ကျေးလက်ဒေသတွေမှာ လူငယ်၊ လူလတ်များ မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာပြီး အိမ်မှာရှိတာရောင်းချ မရရင် နီးစပ်ရာလွယ်လွယ်ကူကူရနိုင်တဲ့ပစ္စည်းများ တိတ်တဆိတ်ခိုးယူခြင်းကြောင့် ကျေးလက်နေပြည်သူများဟာ ညမှာ စိတ်ချစွာ မအိပ်စက်ရတော့ဘဲ အိမ်များ၊ ဈေးဆိုင်များ ဖောက်ထွင်းခံရမှုဟာ ခပ်စိပ်စိပ်ဖြစ်ပွားနေတာပါပဲ။ ဒါဟာ ဘာကိုမီးမောင်းထိုးပြသလဲဆိုရင် အချိန်မီမထိန်းသိမ်းနိုင်ပါက နိုင်ငံရဲ့အမှန်တကယ်အားထားရမယ့် လူသားအရင်းအမြစ်များ နစ်နာဆုံးရှုံးရတော့မယ်ဆိုတာပါပဲ။ လူကုန်ကူးမှုပြဿနာဟာလည်း နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသလို နိုင်ငံကဆင်းရဲတဲ့အထဲ ရောဂါဆိုးကပ်သလို ဒုက္ခပေးနေတဲ့ မှုခင်းအမျိုးအစားဖြစ်ပါတယ်။ လူကုန်ကူးမှုဟာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ တစ်နေ့တာလုပ်အားခကိုဝင်ငွေနည်းလွန်းခြင်းကို အခြေခံပြီး စဉ်းစားချင့်ချိန်ရန်နည်းတဲ့ ဉာဏ်ပညာနည်းပါးမှုကြောင့်အဖြစ်များပါတယ်။ အထက်ဖော်ပြပါမှုခင်းနှစ်မျိုးဟာ အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မယ့်မှုခင်းများဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ မုဒိမ်းမှု၊ ခိုးဆိုးနှိုက်လုယက်မှု၊ အကြမ်းဖက်မှုနှင့် လူသတ်မှုများဟာလည်းပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးစားနေတဲ့အစိုးရသစ်အတွက်အတော်ကို ဦးနှောက်ခြောက်စရာဖြစ်မှုများ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှုခင်းအမျိုးအစားများကတော့ ကျူးလွန်သူများရဲ့စာရိတ္တပျက်ယွင်းမှု၊ တရားဥပဒေစိုးမိုးရေးအားနည်းမှု၊ တိုးတက်လာတဲ့ရုပ်ဝတ္ထုပစ္စည်းနောက်လိုက်ရင်း ငွေရလိုမှုကို ဦးစားပေးပြီး ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တများချို့ယွင်းမှုကြောင့် ဖြစ်လာရတဲ့အကျိုးဆက်များဖြစ်ပါတယ်။ မုဒိမ်းမှုနှင့်လူသတ်မှုတို့ဟာ ပြည်သူများတွက် အလွန်တရာမှထိတ်လန့်တုန်လှုပ်ပြီး မလုံခြုံဘူးလို့ ခံစားနေကြတာဖြစ်ပါတယ်။ ဒီနေရာမှာ တရားရေးမဏ္ဍိုင်အတွက်မီးမောင်းထိုးပြစရာဖြစ်လာပါတယ်။ ပြစ်မှုနှင့် ပြစ်ဒဏ်များ တရားခံရဲ့ဖြစ်မှု၊ ဖြစ်စဉ်၊ နောက်ခံတွေကိုသေသေချာချာလေ့လာပြီးမှ ပြစ်ဒဏ်ကို ဥပဒေအရ အမြင့်ဆုံးချမှတ်သင့်ပါတယ်။ ထောင်ဒဏ်တစ်ကြိမ်ကျဖူးသူဟာ နောက်တစ်ခါ အလားတူပြစ်မှုထပ်မံကျူးလွန်ရင် ပုံမှန်ပြစ်ဒဏ်ထက် ပိုချမှတ်

သင့်ပါတယ်။ ဒါကိုလည်း မှုခင်းကျဆင်းရေးအတွက် ဥပဒေပြင်ဆင်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် မကြာခဏပြစ်မှုကျူးလွန်လို့ ထောင်တစ်ကြိမ်ထက် ပိုကျတဲ့သူများကို ပြန်လွှတ်တဲ့အခါ အကျဉ်းဦးစီးဌာနအနေနဲ့ စာရိတ္တထူထောင်ရေးစခန်းများဖွင့်လှစ်၊ ပြန်လည်ပြုစုပျိုးထောင်ပြီးမှ လွှတ်မယ်ဆိုရင် ရေရှည်မှာမှုခင်းကျဆင်းရေးကို ရှေးရှုနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဒါနဲ့ပတ်သက်လို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်မှာ ပထမဇနီးကိုသတ်ခဲ့တဲ့အမျိုးသားက တရားရုံးမှာ ကွာရှင်းခွင့်တောင်းတဲ့တတိယဇနီးကို တရားရုံးရှေ့လက်ဖက်ရည်ဆိုင်မှာ ထိုင်သောက်နေတုန်း ဓားနဲ့ဝင်ထိုးတဲ့ဖြစ်ရပ်ဆိုရင် ပြည်သူများရဲ့ဘဝကို လုံခြုံမှုမပေးနိုင်တဲ့အတွက် အလွန်ပဲရင်နာစရာကောင်းလှပါတယ်။ အဓိကတရားခံကတော့ အရက်များ ဈေးပေါပေါနှင့် အလွယ်တကူရရှိခြင်းပဲဖြစ်ပါတယ်။

မုဒိမ်းမှုနှင့်ပတ်သက်လို့ ယခင်လွှတ်တော်သက်တမ်းမှာ ဦးသိန်းညွန့် တင်သွင်းခဲ့တဲ့ သက်ငယ်မုဒိမ်းကျင့်မှုများကို သေဒဏ်ချမှတ်ဖို့ အမျိုးမျိုးအဆိုတင်သွင်းခဲ့ပြီး အကျယ်တဝင့်ဆွေးနွေးခွင့်လေးတောင် မရခဲ့တာကို အမှတ်ရမိပါတယ်။ ဒီတော့ သက်ငယ်မုဒိမ်းကျင့်မှုကျူးလွန်သူများကို ပြုကျင့်ခံရတဲ့ကလေးငယ်ရဲ့အသက်အရွယ်အလိုက် တရားခံကိုထောင်ဒဏ်ချမှတ်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ဥပမာ - အသက်ရှစ်နှစ်အောက်ကလေးဆိုရင် သေဒဏ် သို့မဟုတ် ထောင်ဒဏ် အနှစ် ၂၀၊ အသက်ရှစ်နှစ်မှ ၁၂ ကြားဆိုရင် ထောင်ဒဏ် ၁၅ နှစ်၊ အသက် ၁၂ နှစ်မှ ၁၆ နှစ်ကြားဆိုရင် ထောင်ဒဏ် ၁၀ နှစ် စသဖြင့် လျှော့ရက်မရှိ၊ ကင်းလွတ်ခွင့်မရှိ၊ ငွေဒဏ်မပေးရဆိုပြီး ပြင်းပြင်းထန်ထန်အပြစ်ဒဏ်ပေးသင့်ပါတယ်။ ယခုလွှတ်တော်သက်တမ်းအတွင်းမှာ သက်ငယ်မုဒိမ်းမှုများကို ကြီးလေးတဲ့ပြစ်ဒဏ်ချမှတ်နိုင်ရေး ကျွန်တော်တို့ မိတ်ဆွေကိုယ်စားလှယ်များနှင့် ဥပဒေကျွမ်းကျင်သူများကို တိုက်တွန်းလိုပါ တယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုးဆိုးနှိုက်လုယက်အကြမ်းဖက်မှုများကတော့ ဆင်းရဲခြင်းနှင့် အတတ်ပညာဗဟုသုတနည်းခြင်းကြားမှာ ဂျာအေးသူ့အမေရိုက်ဆိုသလို လုံးလည်လိုက်နေတာပါပဲ။ ဆင်းရဲလို့ စာပေမသင်ကြားနိုင်၊ မသင်ကြားနိုင်တော့ ဗဟုသုတနည်းပါးပြီး ဆင်ခြင်တုံတရားမရှိတဲ့အခါ အဆိုပါမှုခင်းများဖြစ်ပေါ်လာတော့တာပါပဲ။ ဒါကို ကုစားဖို့ကတော့ ပြည်သူ့ရေးရာမူဝါဒကောင်းများ ချမှတ်ဖို့လိုအပ်ပြီး ဥပဒေပညာပေးရုံတင်မကဘဲ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူတိုင်းအလုပ်အကိုင်ရရှိရေး၊ အခြေခံအလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိဖို့ တာဝန်ရှိသူများကဖော်ဆောင်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင်စာသင်ကျောင်းများမှာလည်း အတန်းအဆင့်အလိုက် ပြည်သူ့နီတိဘာသာရပ်ကို အခြေခံကစလို့ မဖြစ်မနေသင်ကြားဖို့ တိုက်တွန်းလိုပါတယ်။

**မူကြမ်း**

နံပါတ်(၃)အနေနဲ့ တရားမဝင်ကျွဲ၊ နွားမှောင်ခိုတင်ပို့မှုနှင့် သစ်ခိုးထုတ်မှုတွေဟာ နိုင်ငံတော်ရဲ့စီးပွားရေးကို အတော်အင်မတန်ထိခိုက်စေတဲ့ မှုခင်းအမျိုးအစားများဖြစ်ပါတယ်။ တရားမဝင်ကျွဲ၊ နွားမှောင်ခိုမှုဟာ တရုတ်ပြည်ကို ပို့တဲ့လမ်းကြောင်းတစ်လျှောက်က ခရိုင်ချင်းဆက်မြို့နယ်များမှ သားသတ်လိုင်စင်စီများ သက်ဆိုင်ရာမြို့နယ်အာဏာပိုင်များနှင့် ရဲစခန်းများဟာ ကွန်ရက်သဖွယ် ချိတ်ဆက်ပြီး လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ဒီကျွဲအုပ်၊ နွားအုပ်ကြီးကို နယ်စပ်ဂိတ်တွေမှာ တာဝန်ရှိသူများအနေနဲ့ ဘာကြောင့်ထိထိမိမိမပိတ်ပင်နိုင်ရသလဲဆိုတာ အထူးမေးခွန်းထုတ်ရမယ့်ကိစ္စဖြစ်ပါတယ်။ နံပါတ်(၄)ဖြစ်တဲ့ ယာဉ်မတော်တဆမှုများဟာလည်း ဆယ်စုနှစ်အတွင်းမှာ အတော်အဖြစ်များလာတာဖြစ်ပါတယ်။ ဒီမှုခင်းအမျိုးအစားကတော့ ပြည်သူများယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာကြလို့ဖြစ်ပါတယ်။ နောက်ဆုံးသတင်းအရ တစ်နိုင်ငံလုံးမှာ ဇန်နဝါရီ ၁ ရက်မှ ဇွန်လ ၃၁ ရက်နေ့အထိ ယာဉ်မတော်တဆမှုပေါင်း ၉၅၀၀ ကျော်ရှိပြီး ၂၈၀၀ ကျော် သေဆုံးတယ်လို့ သိရပါတယ်။ တစ်ရက်ကို ပျမ်းမျှ ၁၃ ဦးခန့် သေဆုံးနေတဲ့သဘောဖြစ်ပါတယ်။ နောက်ထပ်တင်ပြလိုတာကတော့ ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးရင် ဆိုင်ကယ်ဦးထုပ်မဖြစ်မနေဆောင်းဖို့နဲ့ မေးသိုင်းကြိုးတပ်ဆင်ရမယ်ဆို တာကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အထူးဒဏ်ကြေးသတ်မှတ်ပြီး နေ့တင်မကဘဲ ညပါ စောင့်ကြည့်ကင်မရာများနှင့် စောင့်ကြည့်သင့်ကြောင်း အကြံပြုလိုပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဆွေးနွေးခဲ့ပါ မှုခင်းများကျဆင်းရေးဟာ အဓိကအခန်းကဏ္ဍမှာပါဝင်နေတာကတော့ ပြည်သူ့ရဲများဖြစ်ပါတယ်။ နိုင်ငံအနှံ့ မူးယစ်ဆေးဝါးနှင့် ကျွဲ၊ နွားမှောင်ခိုမှုများမှာ သက်ဆိုင်ရာများနှင့် ရဲများကို ငွေပုံပေးပြီးလုပ်ဆောင်နေတာတော့ အဲဒီမှုခင်းများကို ဖမ်းဆီးမယ်ဆိုရင် ၎င်းတို့က ဖုန်းနဲ့ အရင်အကြောင်းကြားထားတဲ့အတွက် ဖမ်းမိဖို့ ခဲယဉ်းပါတယ်။ သက်ဆိုင်ရာနယ်မြေရဲများကို အသိမပေးဘဲ လုပ်ဆောင်ဖို့ဆိုတာ အလွန်မလွယ်ကူတဲ့ကိစ္စဖြစ်ပါ တယ်။ ကြာကြာနေရင် နွားကုန်ကူးသူများနှင့် မူးယစ်ဆေးဝါးရောင်းသူများဟာ ရဲများနှင့် စီးပွားဖက်လိုဖြစ်သွားကြပါတယ်။ ဒါကြောင့် မြို့နယ်နှင့်တိုက်နယ်များမှာ တာဝန်ကျရဲများကို နှစ်နှစ်ထက် ပိုမနေစေဘဲ အလှည့်ကျရွှေ့ပြောင်းချထားသင့်ကြောင်း အကြံပြုလိုပါတယ်။

နိဂုံးချုပ်တင်ပြရရင် ပြည်သူ့ရဲအင်အားကို စွမ်းရည်ပြည့်မီစွာ ထပ်မံတိုးချဲ့ဖို့နှင့် ၎င်းတို့ရဲ့ ရပိုင်ခွင့်များကို ယခုထက်ပိုပြီး ပံ့ပိုးပေးစေလိုပါတယ်။ လခတိုးတာမျိုးမဟုတ်တောင် ခရီးစရိတ်၊ သားသမီးများအရေးအတွက်အလိုက် ပညာရေး၊ ကျန်းမာရေးနှင့် အခြားထောက်ပံ့ကြေးများ ကင်းလွတ်ခွင့်များ ပြုလုပ်ပေးသင့်ပါတယ်။ ဒီလိုမိသားစုအရေး မပူပင်ရအောင် ထိုက်ထိုက်တန်တန်

ဖြည့်ဆည်းပေးမှသာ အူမမတောင့်လို့ဆိုတဲ့ ဆင်ခြေမပေးနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူနဲ့ အရပ်ဘက်အဖွဲ့အစည်းများကို စောင့်ကြည့်ထိန်းကျောင်းစေပြီး အဂတိလိုက်စားရင် ထိထိရောက်ရောက်တိုင်ကြားခြင်း၊ အရေးယူမှုပြုလုပ်ခြင်းဖြင့် မှုခင်းကျဆင်းရေးမှာ ပြည်သူ့ရဲများက အဓိကအခန်းကဏ္ဍမှ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြရင်း ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမကြီးအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ တစ်ချိန်က ရဲတပ်ဖွဲ့တွေ အမှုစစ်စခန်းမှူးတာဝန်များ ထမ်းဆောင်ခဲ့ဖူးတဲ့ ကျွန်တော့်အတွေ့အကြုံများဖြင့် မှုခင်းကျဆင်းရေးကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မှုခင်းကျဆင်းရေးကို ဆောင်ရွက်လိုမယ်ဆိုရင် မှုခင်းဖြစ်ပွားတဲ့အကြောင်းအရင်းကို သိရပါတယ်။ မှုခင်းဖြစ်ပွားရတဲ့ အကြောင်းခံတရားများကတော့ လူတို့ရဲ့တရားလွန်သော လောဘ၊ ဒေါသ၊ မောဟစိတ်များကြောင့်ဆိုတာကို တွေ့ရှိရပါတယ်။ ထိုလွန်ကျူးသောကိလေသာစိတ်များမဖြစ်ဖို့ကို မှုခင်းကြိုတင်ကာကွယ်တားဆီးရေးနှင့် ကျူးလွန်သူကို စုံစမ်းထောက်လှမ်းပြီး ဥပဒေနှင့်အညီ အပြစ်ပေးခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးတော့ ထိန်းကွပ်ရမှာဖြစ်ပါတယ်။ ထိုလုပ်ငန်းကြီးများကို မပြုလုပ်မီမှာ ကျွန်တော်တို့ အခြေခံအချက်ခြောက်ချက်ကိုတော့ဖြင့် ပြည့်စုံအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီခြောက်ချက်ကတော့ (၁) မှန်ကန်ဆီလျော်သောမူချမှတ်နိုင်ခြင်း၊ မှုခင်းထိန်ချန်မှုအများဆုံးကာလကို လေ့လာကြည့်မယ်ဆိုရင် မူဝါဒအလွဲတွေကြောင့်ဆိုတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ တစ်ခါက ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးရာမှာ မှုခင်းဖြစ်ပွားမှုအနည်းဆုံးမြို့များအလိုက် ပ၊ ဒု၊ တ ဆိုပြီးတော့ ဆုပေးခဲ့တာဖြစ်တဲ့အတွက် မှုခင်းများကို မဖွင့်တော့ဘဲနဲ့ မှုခင်းထိန်ချန်မှုတွေ များစွာဖြစ်ခဲ့တယ်ဆိုတာကို တွေ့ရှိရပါတယ်။ တကယ်တော့ ဖြစ်ပေါ်ခဲ့တဲ့မှုခင်းများကို ပေါ်ပေါက်အောင်စုံစမ်းထောက်လှမ်းတဲ့ အရည်အချင်းအပေါ်မှာ သတ်မှတ်ပြီးတော့မှ ဆုပေးပေးပါတယ်။ (၂)

ဝန်ထမ်းအင်အားကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းထားခြင်း၊ ဥက္ကဋ္ဌကြီးခင်ဗျား။ မှုခင်းကြိုတင်တားဆီးရေးသည် ရဲလုပ်ငန်းဖြစ်ပြီး အလွန်များပြားပါတယ်။ လွန်ကျူးသော လောဘ၊ ဒေါသ၊ မောဟဖြစ်စေနိုင်တဲ့ လောင်းကစားလုပ်ငန်း၊ အရက်ပုန်း၊ မူးယစ်ဆေး၊ ပြည့်တန်ဆာလုပ်ငန်းများအား စုံစမ်းနှိမ်နင်းခြင်း၊ လက်နက်ပုန်းဖော်ထုတ်ခြင်း၊ မှတ်တမ်းဝင်လူဆိုးများ စောင့်ကြည့်သည့်နယ်ထိန်းရွာစဉ်လှည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တပ်ပြေး၊ ရဲပြေး၊ ရဲဘက်ပြေးနဲ့ တရားခံပြေးများဖမ်းဆီးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်း၊ ကင်းပုန်းဝပ်ခြင်း၊ ကင်းလှည့်ခြင်းကို လပတ်စီမံချက်တွေဆွဲပြီးတော့ ဆောင်ရွက်ရပါတယ်။ နေပြည်တော်လိုဒေသမျိုးတောင်မှ လူဦးရေ ၁၀၀၀ ကျော်မှာ ရဲတစ်ဦးနှုန်းနဲ့ စောင့်ရှောက်နေရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ရဲဝန်ထမ်းအင်အားကို တိုးချဲ့ရန်လိုအပ်ပါတယ်။ (၃) ရဲလုပ်ငန်းအရှိန်အဟုန် မပျက်စေရန်တွန်းအားပေးခြင်း၊ ဒါကတော့ လူ Checking ကိုပြောတာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲလုပ်ငန်းတိုင်းမှာ ရဲစခန်းမှတ်ပုံတင် ၃၇ မျိုးဖြင့်မှတ်တမ်းတင်ရပါတယ်။ တစ်အုပ်နဲ့တစ်အုပ်ဟာလည်းပဲ ငြိမ်းသဖွယ်ဆက်စပ်နေတာပဲဖြစ်တဲ့အတွက်အလုပ်ကို ခိုကပ်လို့၊ လိမ်ညာလို့မရပါဘူး။ အထက်မြို့နယ်/ခရိုင်/တိုင်းဒေသကြီး အဆင့်ရှိတဲ့အရာရှိကြီးများက တစ်လတစ်ကြိမ် မှန်မှန်စစ်ဆေးခြင်းအားဖြင့် တွန်းအားပေးလို့ရပါတယ်။ ဒါပေမဲ့လို့အဲဒီအရာရှိကြီးများသည် ရဲလုပ်ငန်းများကို နှံ့စပ်ကျွမ်းကျင်ဖို့တော့လိုအပ်ပါတယ်။ (၄) ရဲလုပ်ငန်းကိုထိန်းကျောင်းတည့်မတ်ပေးသော ရဲလက်စွဲ၊ ရဲအက်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများကို တွင်ကျယ်စေရန် ဆောင်ရွက်ပေးခြင်း၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲလုပ်ငန်းအောင်မြင်မှုမရှိသော ကာလတွေကိုလေ့လာမယ်ဆိုရင် ဖော်ပြမယ့်ဥပဒေများ မှေးမှိန်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲကျွန်တော်တို့ ရဲစခန်းမှူးထံတိုင်သော်လည်း အမှုဖွင့်မပေး၊ ရဲစခန်းမှူးမှ တိုင်သူမရှိ၍ အမှုမဖွင့်ဆိုတဲ့သတင်းမျိုးကို ဂျာနယ်တွေမှာ ဖတ်နေရခြင်းဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ မှာရဲအရေးပိုင်သောအမှုများ တိုင်ကြားခဲ့ပါက ရဲစခန်းမှူးသည်ယာယီဖြစ်စဉ်ဟု ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ပေးရမယ်လို့ ညွှန်ကြားထားပါတယ်။ ဒုတိယ တိုင်သူမရှိသောအမှုများသည် ဖြစ်ခဲ့သည်ဟု ခိုင်လုံစွာသိရှိပါက ရဲစခန်းမှူးကိုယ်တိုင်က တရားလိုပြုလုပ်ပြီးတော့မှ အမှုဖွင့်ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီအမှုတွေကို ဖွင့်ရမှာကို မဖွင့်တဲ့ရဲစခန်းမှူးကိုလည်းပဲ အမှုထိန်ချန်မှုဆိုတဲ့ Backing of Crime နဲ့ထောင်ဒဏ်ထိကို အပြစ်ပေးနိုင်တယ်လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ နောက်ရဲအရေးမပိုင်တဲ့အမှုဖြစ်ပါစေ မငြင်းဆိုရပါဘူးတဲ့ ပုံစံ(က)၊ (ခ)မှာ ဖြည့်စွက်ပြီးတော့တရားရုံးကို ဦးတိုက်လျှောက်ပေးရမယ်လို့ ပါပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအသုံးတည့်တဲ့ဥပဒေတွေဟာ ဘာဖြစ်လို့မှေးမှိန်သွားသလဲဆိုတာကို လေ့လာကြည့်ရင် ယနေ့ ရဲလုပ်ငန်းများကို ဖုံးလွှမ်းနေသော အမိန့်၊ ဥပဒေ၊ ညွှန်ကြားချက်များ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကို စိစစ်ပြီးတော့ ပြန်လည်ဖယ်ရှားပေးဖို့ လိုအပ်ပါတယ်။ (၅) ဝန်ထမ်းတို့ရဲ့ ဂုဏ်သိက္ခာနှင့် ဘဝအာမခံချက်ရှိသော လစာနှုန်းထားများကို ပေးရခြင်း၊ ဒါတော့ ကျွန်တော်ရှင်းပြဖို့ မလိုပါဘူး။ (၆) လူထုပူးပေါင်းပါဝင်မှု လိုအပ်ခြင်း၊ ကျွန်တော်တို့လူထုကြီးဟာ မှုခင်းကျဆင်းဖို့အတွက် ကို သက်သေခံပေးဖို့နဲ့ သတင်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါကိုလည်းပဲ ဆောင်ရွက်နိုင်သလားလို့ ကြည့်ရင် ကျွန်တော်တို့ မဆောင်ရွက်နိုင်သေးပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ရဲလုပ်ငန်း အအောင်မြင်ဆုံးနိုင်ငံတွေကို လေ့လာတဲ့အခါမှာ ဂျပန်နှင့် အမေရိကန်ကို တွေ့ရပါတယ်။ ကျွန်တော် ၁၉၈၆ ခုနှစ် သင်တန်းတက်စဉ်ကာလက သင်တန်းဆရာကို မေးဖူးပါတယ်။ ဘာဖြစ်လို့ ဂျပန်နဲ့ အမေရိကန်က ရဲလုပ်ငန်းက အောင်မြင်ပြီးတော့ ကျွန်တော်တို့ မအောင်မြင်လဲဟု ဥပမာအနေနဲ့ ပြောပြီးတော့ ရှင်းပြပါတယ်။ ဂျပန်ကို မှုခင်းကျူးလွန်ပြီးတော့ အကြံဉာဏ်တောင်းရင် လုပ်ရဲရင် ခံရမှာပေါ့ကွာ ရဲကို အဖမ်းခံလို့တိုက်တွန်းပြီးတော့ အမေရိကန်ကတော့ ရှေ့နေကောင်းကောင်းရှာ ရုံးတက်ပြီးတော့ ထုချေလို့အကြံပေးပါတယ်။ ကျွန်တော်တို့ မြန်မာကို အကြံတောင်းမယ်ဆိုရင် နောက်ကျတဲ့ခြေထောက် သစ္စာဖောက် ပြေးကွလို့ အကြံပေးပါတယ်တဲ့။ ဒါဟာ ဘာပြလဲဆိုရင် ကျွန်တော်တို့ ပြည်သူတွေဟာ ရုံးကို အလွန်တရာမှ ရှုံ့ရှာနေတယ်ဆိုတာပြနေပါတယ်။ ဒါကြောင့် ပြည်သူပူးပေါင်းပါဝင်မှုရလာဖို့အတွက်ကို ပညာပေးခြင်းလုပ်ငန်းတွေ၊ ဝန်ထမ်းနဲ့ ရဲများကလည်းပဲ ကျွန်တော်တို့ ပြည်သူတွေကို ဖော်ရွေနွေးထွေးသောဆက်ဆံမှုမျိုးလုပ်ဖို့လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီခြောက်ချက်ကို အခြေခံဖြည့်ဆည်းနိုင်ပါက မှုခင်းကျဆင်းရေးဆောင်ရွက်နိုင်မယ်လို့ အကြံပြုဆွေးနွေးရင်း ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်နှင်းသစ်တင်သွင်းတဲ့ မှုခင်းကျဆင်းရေး အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးကို အဟန့်အတားဖြစ်နေတဲ့ မှုခင်းတွေပပျောက်ဖို့၊ ကျဆင်းဖို့ဆိုလို့ရှိရင် မှုခင်းဖြစ်စေတဲ့ အကြောင်းတရားတွေကို ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မှုခင်းတွေပေါ်များစေရတဲ့အကြောင်းကတော့ (၁) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတွေ အမြစ်တွယ်နေခြင်း၊ (၂) တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ (၃) ဆင်းရဲ ချမ်းသာကွာဟမှု ကြီးမားခြင်း၊ (၄) အလုပ်လက်မဲ့ပြဿနာကြီးမားခြင်း၊ (၅) အရက်ဆိုင်၊ ဘီယာဆိုင်များပေါ်များခြင်းနဲ့ မူးယစ်ဆေးဝါးနေရာတကာတွင် ရနေခြင်း၊ (၆) ပြည်သူလူထုအကြားမှာ မှုခင်းဆိုင်ရာ အသိပညာပေးမှုနည်းပါးခြင်းနှင့် (၇) ပြည်သူများအနေနဲ့ စားဝတ်နေရေးအတွက် အချိန်ကုန်နေရသဖြင့် ဥပဒေနှင့်ကင်းကွာနေခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီထဲမှာ အဓိကအကျဆုံးကတော့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် အမြစ်တွယ်နေခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဂတိလိုက်စားမှုကျဆင်းရေးနှင့် ပတ်သက်လို့ ဆွေးနွေးခဲ့သလိုပဲ နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုပဲ မူဝါဒတွေချချ၊ ဘယ်လိုပဲပြုပြင်ပြောင်းလဲမှုတွေလုပ်လုပ် အကောင်အထည်ဖော်ပေးနေရတဲ့ နိုင်ငံတော်ရဲ့ ယန္တရား၊ ဝန်ထမ်းအဖွဲ့အစည်းအားလုံးက လိုက်ပါမလာဘူးဆိုလို့ရှိရင် အဟောသိကံပဲ ဖြစ်မှာဖြစ်ပါတယ်။ ယခု အပြောင်းအလဲကာလမှာ ပြုပြင်ပြောင်းလဲမှုလမ်းစဉ်နောက်ကို လိုက်ပါလာတဲ့လူတွေရှိသလို ယခင်အတိုင်းပဲ ကိုယ့်ရာထူးလုပ်ပိုင်ခွင့်ကို အသုံးချပြီး အဂတိလိုက်စားလိုတဲ့ ဝန်ထမ်းတွေကလည်းပဲ ဒုနဲ့ဒေးပဲဖြစ်ပါတယ်။ အဲဒါတွေကို ထိထိရောက်ရောက်အရေးယူနိုင်မှသာလျှင် မှုခင်းများကျဆင်းနိုင်မှာဖြစ်တယ်လို့ ယူဆမိပါတယ်။ မှုခင်းအတော်များများမှာ သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းတွေ ပါဝင်ပတ်သက်နေတာကိုတွေ့ရပြီး ဒုစရိုက်သမားတွေဟာလည်း ပြစ်မှုကျူးလွန်ဖို့အတွက် အတင့်ရဲလာတာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ မှုခင်းတွေမှာ ပူးပေါင်းပါဝင်ပတ်သက်နေတဲ့ ဝန်ထမ်းတွေကို တိတိကျကျဖော်ထုတ်ပြီး ထိထိရောက်ရောက်အရေးယူဖို့ လိုအပ်ပါတယ်။ အဲဒီလို အရေးယူမှုမရှိဘူးဆိုလို့ရှိရင် မီးလောင်ရာလေပင့်ပုံစံမျိုးဖြစ်ပြီး မှုခင်းတွေပိုလို့တောင်တိုးလာနိုင်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကလည်း အင်မတန်မှ အရေးကြီးလှပါတယ်။ လက်ရှိအချိန်မှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ သံသရအမျိုးမျိုးကြောင့် အားနည်းနေတာကို တွေ့ရှိနေရပါတယ်။ ပြည်သူလူထုတွေရဲ့ ပူးပေါင်းပါဝင်မှု၊ သတင်းပေးမှု၊ တိုင်ကြားမှုများရှိရင်လည်းပဲ ခုနကိုယ်စားလှယ် ကြီးပြောသွားသလို သတင်းတွေပေါက်ကြား၊ ဒုစရိုက်သမားတွေကို ကြိုတင်အကြောင်းကြား ရှောင်ပြေးပြီးမှသွားတော့ တရားခံတွေ မလွတ်သင့်ဘဲနဲ့လွတ်၊ ပိုင်ရှင်မဲ့တွေဖြစ်နေတာ

ကို ကျွန်တော်တို့ တွေ့နေရပါတယ်။ အဲဒါနှင့် ပတ်သက်ပြီးတော့မှ ထီးလင်းမြို့နယ်မှာ ၈-၆-၂၀၁၆ ရက်နေ့က ဖမ်းမိတဲ့သစ်ကားတစ်စီးနဲ့ ဥပမာပေးပြီးတော့မှ ရှင်းပြချင်ပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ထီးလင်းမြို့နယ်မှာ ဖမ်းဆီးရမိတဲ့သစ်ကားပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ သစ်ကားပေါ်မှာ ဖမ်းဆီးရမိတဲ့သစ်တွေပဲဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ ဖမ်းဆီးရမိတဲ့သစ်တွေပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဖမ်းဆီးရမိတဲ့ နေရာပဲ ဖြစ်ပါတယ်။ အဲဒီကားနဲ့ပတ်သက်လို့ အဲဒီကားပေါ်မှာ ကျန်ရှိနေခဲ့တဲ့ သက်သေခံအထောက် အထား၊ စာရွက်စာတမ်းများ ကျွန်တော့်မှာ အားလုံးရှိပါတယ်။ အဲဒီစာရွက်များနှင့် ပတ်သက်လို့ Power Point မှာမတင်ပြတာကတော့ အကြောင်းအမျိုးမျိုးကြောင့်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကားပေါ်မှာတွေ့ရှိရတဲ့ စာရွက်စာတမ်းတွေမှာပါတဲ့ ဆီပြေစာဖြတ်ပိုင်းတွေ၊ အမည်စာရင်းတွေ၊ ပေါက်အဖွဲ့စုံ ၉၅၀၀၀၀၊ ကန်စွန်းမှာ ၃၆၀၀၀၀၊ ကံပြားလမ်းဆုံ ၄၀၀၀၀၀၊ မယ်ဇလီကြိုးတံတား ၂၁၀၀၀၀၊ ပဒါန်းအဖွဲ့စုံ ၁၅ သိန်းခွဲ၊ တပ်ရင်းဌာန တစ်သိန်းခွဲ၊ ကင်းလှည့်ကြက်ရေစမ်း လေးသောင်း၊ မကွေး(ဒန)၊ ပခုက္ကူ(ဒန)ဧည့်ခံ စတဲ့စာရင်းတွေနဲ့ ဗိုလ်လေး ၅ သိန်းခွဲ၊ အိုးထိန်းသစ်တောရဲ နှစ်သိန်း၊ ဂန့်ဂေါ ပေးငွေ ၁၀ သိန်း၊ မန္တလေးပေးငွေ သိန်း ၃၀၊ ဗိုလ်ကြီးမယ်ဇာလီပေးငွေ သိန်း ၂၀၊ ဗိုလ်ကြီးပေးငွေ High way star ၁၀ သိန်း အစရှိတဲ့ စာရင်းဇယားတွေကို ကြည့်ခြင်းအားဖြင့် ဝန်ထမ်းတွေနဲ့ ပတ်သက်နေတယ် ဆိုတာ ကျွန်တော်တို့ ဂယကနတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် ပါဝင်ပတ်သက်နိုင်တာကို သိသာနိုင်ပြီး ပထမအခေါက်ကနေပြီးတော့မှ ကိုးခေါက် မြောက်အထိ စာရင်းတွေကို ကြည့်ချင်းအားဖြင့် အခေါက်ခေါက်အခါခါ ပြစ်မှုကျူးလွန်နေတယ်ဆိုတာ ကို သိသာလှပါတယ်။ ဒီလမ်းကြောင်းကြီးဟာလည်း ဒုစရိုက်လမ်းမကြီးဖြစ်နေပြီဆိုတာ ကျွန်တော်တို့ အနေနဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် ပူးတွဲပါဝင်နေတဲ့ဌာနဆိုင်ရာတွေကို တိတိကျကျဖော်ထုတ်ပြီး ထိထိရောက်ရောက်အရေးယူဖို့ ထင်ရှားလှပါတယ်။ လစာမလောက်လို့၊ ခက်ခဲလို့ဆိုပြီးတော့မှ အရေးမယူဘူးဆိုလို့ရှိရင် ဒါဟာမဖြစ်သင့်တဲ့ကိစ္စပဲဖြစ်ပါတယ်။ ဒီလိုပုံစံမျိုးတွေ ဟာ နိုင်ငံတော်မှာ နိုင်ငံနှင့်အဝန်းမှာ ဖြစ်နေတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အားဖြင့် မှုခင်းကျဆင်းရေးအမြန်ဆုံးဆောင်ရွက်နိုင်မှ နိုင်ငံတော်တည်ဆောက်ရေးကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး တို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ် နေတဲ့ တကယ့်အဓိကအကြောင်းအရင်းမှန်ကတော့ ပြည်တွင်းစစ်ပဲဖြစ်ပါတယ်။ နှစ်ပေါင်းရှည်ကြာ နေတဲ့ ပြည်တွင်းစစ်ရဲ့ဖွားဖက်တော် မူးယစ်ဆေးဝါးနှင့် ပြည်တွင်းစစ်ရဲ့မိတ်ဆွေရင်း ဆင်းရဲခြင်း များနှင့် ပြည်တွင်းစစ်ရဲ့သူငယ်ချင်း မှောင်ခိုကုန် ကူးသန်းခြင်းများနဲ့ ပတ်သက်ဆက်နွှယ်ပြီးတော့ မှုခင်းတွေများပြားနေရခြင်းဖြစ်ပါတယ်။ မှုခင်းတွေ ဘယ်လောက်တောင် များပြားနေသလဲဆိုတာ ရန်ကုန်တိုင်းဒေသကြီးရဲ့ မှုခင်းကျဆင်းရေး ရက်(၁၀၀) စီမံချက်အရ အရေးယူခဲ့ရတဲ့ အမှုပေါင်းဟာ ၁၂၀၀၀ ကျော်ရှိပါတယ်။ ဒီထဲမှာ မူးယစ်နဲ့က ၃၇၆ မှု၊ ယစ်မျိုး ၈၅၀ နှင့် ပြည့်တန်ဆာမှု ၂၃၅ မှု၊ လောင်းကစား ၃၆၄ မှု၊ လက်နက်ပုန်း ၃၃၈ မှုတို့ဖြစ်ပါတယ်။ ဇန်နဝါရီလက ၁ ရက်ကနေပြီးတော့ ဒီဩဂုတ်လအထိ ခိုးမှုပုဒ်မပေါင်းနဲ့ ဖမ်းဆီးခံထားရတဲ့ဟာက ၂၅၀၀ နီးပါးလောက် အင်းစိန် ထောင်ထဲမှာပါ။ ထောင်မဆံ့လို့ ရဲဘက်စခန်းတွေမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတတ်ပညာသင်ကြား ရင်းနဲ့ခွဲပို့ထားရတဲ့ အနေအထားရှိပါတယ်။ ဒီစီမံချက်ကာလအတွင်းမှာ ပြစ်မှုကြီးကျူးလွန်သူ အချို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိဘူး။ လူသတ်မှုက ၅၀ ကျော်ရှိတယ်။ လုယက်မှုက ၅၀ ကျော်ရှိပါတယ်။ မုဒိမ်းမှုပေါင်းလည်း ၅၀ ကျော်ပါတယ်။ ဖောက်ထွင်းခိုးယူမှုက ၂၀၀ ကျော်ဖြစ်ပွားခဲ့တယ်လို့ သတင်းစာမှာဖတ်ရပါတယ်။ အဆိုးဆုံးက နေ့စဉ်နဲ့အမျှ မူးယစ်ဆေးဝါးမှုတွေ မြန်မာပြည်အနှံ့ မြို့နယ် တွေမှာ ဖမ်းဆီးရမိတဲ့သတင်းတွေ ဖတ်နေရခြင်းဖြစ်ပါတယ်။ မှုခင်းကျဆင်းရေးအတွက် ပြည်သူ့ ရဲတပ်ဖွဲ့ရဲ့ မှုခင်းကျဆင်းရေးစီမံချက်တွေကတော့ ရှေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးသွားပြီဖြစ်ပါတယ်။ ဒါ လူအများသွားလာတတ်တဲ့ ဈေးတို့၊ လမ်းဆုံ၊ လမ်းခွတို့မှာ CCTV ကင်မရာတွေ တပ်ဖို့အကြံပြုချင်ပါတယ်။ ပြည်သူနှင့်ရင်းနှီးကျွမ်းဝင်ပြီး မှုခင်းတွေဖော်ထုတ်နိုင်အောင် Home Visit လို့ခေါ်တဲ့ အစီအစဉ်တွေကို ရဲတပ်ဖွဲ့က ထိရောက်စွာပါဝင်ဆောင်ရွက်လာအောင် ဆောင်ရွက်သင့်ပါတယ်။ မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်တွေအောင်မြင်အောင် ရဲတပ်ဖွဲ့ရဲ့အင်အား

အလုံအလောက်ရှိဖို့လည်း အင်မတန်မှအရေးကြီးပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ မြို့နယ်မှာဆို ဖွဲ့စည်းပုံအရ ရဲတပ်ဖွဲ့အင်အား ၃၅ ဦးလောက် ခန့်ထားရမယ့် မခန်းကြီးလိုရဲစခန်းမှာ အင်အား ခုနစ်ယောက်သာရှိပါတယ်။ ဒီပဲယင်းမြို့မ ရဲစခန်းမှာလည်း စုစုပေါင်း ၁၈ ယောက်ပဲရှိပါတယ်။ နောက် ဒီလိုမလုံလောက်တဲ့အတွက် မိတ်ဖက်အင်အားတွေကိုသုံးပြီး ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ပြည်သူ တွေရဲ့အမြင်မကြည်လင်တာတွေလည်း တွေ့ရပါတယ်။ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေကို ရဲလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်တာမျိုးကို ပြည်သူတွေအမြင်ရှင်းအောင် စည်းရုံးရေးနည်းနဲ့ ဆောင်ရွက်သင့်ပါ တယ်။ ပြည်သူတွေက ယုံကြည်ကိုးစားပြီး ဂုဏ်သိက္ခာရှိတဲ့ ရဲတပ်ဖွဲ့ဖြစ်ဖို့ တပ်ဖွဲ့ဝင်များရဲ့ လုံလောက်တဲ့ လစာဝင်ငွေရှိဖို့လည်း လိုအပ်ပါတယ်။

နောက်တစ်ခုက ၂၀၁၃ ခုနှစ်တုန်းက လက်ပံတောင်းတောင်မှာ ရဲတပ်ဖွဲ့အင်အားဖြည့်တင်း နေရတဲ့အချိန်မှာ မူလကအင်အားနည်းနေရတဲ့အထဲ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များက ရဲအချို့အဲဒီကိုပို့ရပါတယ်။ အဲဒီအချိန်မှာ မုံရွာမြို့ပေါ်မှာ တစ်ရက်ကို အသေးစားလုယက်မှု၊ ခိုးမှု တွေဟာ ကိုးကြိမ်လောက်ဖြစ်ပွားနေပါတယ်။ ဒါအားလုံး ဝေဖန်စဉ်းစားနိုင်ဖို့ တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ နောက် ကျွဲ၊ နွားမှောင်ခိုနဲ့ သစ်မှောင်ခိုနဲ့ ကား၊ ဆိုင်ကယ် နယ်စပ်ဖြတ်ပြီး တရားမဝင် ရောင်းဝယ်မှုတွေနဲ့အတူ မူးယစ်ဆေးဝါးတွေ နိုင်ငံအနှံ့ပျံ့နှံ့လာနေပါတယ်။ ပြည်ထောင်စုအစိုးရ အနေနဲ့ သွင်းကုန်၊ ထုတ်ကုန်တွေကို အခွန်ကောက်စနစ်တကျနဲ့ ဥပဒေနဲ့အညီ ဟန့်တားကာကွယ် နိုင်ပါမှ မှုခင်းဖြစ်ပွားမှုကျဆင်းမှာပါ။ သို့သော်လည်းပဲ ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာစက်ဟာ နယ်မြေဒေသတိုင်းကို လက်လှမ်းမီဖို့လိုအပ်ပါတယ်။ ပြည်တွင်းစစ်ရှိနေလို့ရှိရင် တရားဥပဒေစိုးမိုး ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးဘက်မှာ များစွာခက်ခဲပြီးတော့ မှုခင်းတွေလည်းကျသွားမှာ မဟုတ်ပါဘူး။ ပြည်တွင်းစစ်ကြောင့် မူးယစ်ဆေးဝါးတွေပျံ့နေမယ်။ ပြည်သူတွေဆင်းရဲနေမယ်။ စီးပွားဖွံ့ဖြိုးတိုးမှုတွေပျက်မယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပျက်သွားမှာပါ။ လက်နက် မှောင်ခိုကအစ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ ထွန်းကားမှာဖြစ်ပါတယ်။ မှုခင်းတွေလည်း များနေမှာပဲဖြစ်ပါတယ်။ နှစ်ပေါင်းရှည်ကြာပြီဖြစ်တဲ့ ပြည်တွင်းစစ်ရဲ့ အဆိုးကျော့သံသရာ(Vicious Circle)ကလွတ်မြောက်အောင် ပြည်ထောင်စုအစိုးရနှင့်တကွ နိုင်ငံသူနိုင်ငံသားတွေအားလုံးပူးပေါင်း ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ ပြည်ထောင်စုအစိုးရကဦးဆောင်ပြီးတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို မူဝါဒ(၆)ရပ်နဲ့ အကောင် အထည်ဖော်နေပါတယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်အောင် နိုင်ငံတော်အစိုးရ၊

ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့်ပြည်သူအားလုံး တက်ညီလက်ညီပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပြည်တွင်းစစ်ရပ်ပြီး နိုင်ငံသားအားလုံးရဲ့ လုံခြုံလွတ်လပ်တဲ့ဘဝကို ရရှိနိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ မှုခင်းတွေကျဆင်းသွားအောင် ပြည်တွင်းငြိမ်းချမ်းရေးရဖို့ အရေးတကြီးလိုအပ်နေတယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု အစိုးရသစ်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ (၂၁)ရာစုပင်လုံညီလာခံကြီးကို အောင်မြင်အောင် အားလုံး ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း ဒေါ်ခင်နှင်းသစ်ရဲ့ အဆိုကို ထောက်ခံကြောင်း တင်ပြ ဆွေးနွေးပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပန်းတောင်း မဲဆန္ဒနယ်က အဆိုရှင် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို ဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားများဟာ တရားဥပဒေစိုးမိုးမှုအောက်မှာ အေးချမ်းသာယာ စွာနဲ့နေထိုင်ပြီး သမာအာဇီဝဖြင့် အသက်မွေး ဝမ်းကျောင်းပြု လုပ်ကိုင်စားသောက်နေသူများ ဖြစ်ပါ တယ်။ သို့သော် အကောင်းရှိလျှင် အဆိုးရှိသကဲ့သို့ မိမိတို့ကျင်လည်ရာပတ်ဝန်းကျင်မကောင်းမွန်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဆင်းရဲမွဲတေခြင်း၊ ပညာဉာဏ်ရည်နည်းပါးခြင်း၊ စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာရုန်းကန် နေရသော မိဘအုပ်ထိန်းသူများအောက်တွင် ကြီးပြင်းလာရခြင်း စတဲ့ အကြောင်းအရင်းများကြောင့် ပြစ်မှုများဖြစ်ပွားလာရခြင်းဖြစ်ကြောင်း တွေ့ရမှာပဲဖြစ်ပါတယ်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုတဲ့ လောကပါလတရားတွေအားနည်းပြီး ရိုးရိုးကျင့်မြင့်မြင့်ကြံကာ ရိုးသား ဖြောင့်မတ်မှုကို တန်ဖိုးထားဂုဏ်ယူမှုမရှိတာကိုလည်း ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ရုပ်ဝတ္ထုတွ ခေတ်နှင့်အပြိုင်တိုးတက်လာပြီး လိုချင်တပ်မက်စရာတွေများပြား လာကာ လောဘကို အတောမသတ်နိုင်ဖြစ်ရပါတော့တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ Facebook ခေါ် လူမှုကွန်ရက်စာမျက်နှာများတွင် မှုခင်းဖြစ်ပွားမှုများကို နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိပြီး ဖြစ်ပွားနေတဲ့ အမှုများကလည်း ထူးခြားဆန်းပြားစွာဖြစ်ပွားလျက်ရှိပါတယ်။ ထိုသို့မှုခင်းများဖြစ်ပွားမှုနှုန်းများပြားလာခြင်းသည် ဒီမိုကရေစီနှစ်စ အမိနိုင်ငံတော်ကြီးအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်မည်ဆိုရင် မှားမည်မထင်ပါ။ အကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးအဖုံဖုံသော မှုခင်းများကြောင့် နိုင်ငံသူနိုင်ငံသားများရဲ့ အသက်အိုးအိမ်များ ဆုံးရှုံးရခြင်းသာမက ၎င်းတို့ရဲ့ စိတ်နှလုံးကိုလည်း ဒဏ်ရာများစွာရစေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ နိုင်ငံသားများရဲ့ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာတို့ကိုလည်း ထိခိုက်ပျက်စီးစေကာ ဒီမိုကရေစီစနစ်ကိုကူးပြောင်းရာတွင် ကြီးမားသော အခက်အခဲများကိုဖြစ်ပေါ်စေတတ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကိုကူးပြောင်းရာတွင် ကြီးမားသော အခက်အခဲများဖြစ်တဲ့ မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားခြင်းကို လျော့နည်းကျဆင်းသွားအောင် မလွဲမသွေဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်သွားခဲ့ကြောင်း အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ Power Point သုံးခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

အဲဒီအချက်တွေကတော့ ပညာပေးခြင်း(Education)၊ ကြိုတင်ကာကွယ်ခြင်း(Prevention)၊ အရေးယူဆောင်ရွက်ခြင်း(Action)နှင့် သုတေသနပြုခြင်း(Research)တို့ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအများစုဟာ ဥပဒေကိုသိရှိနားလည်ခြင်းမရှိကြပါဘူး။ ဥပဒေကိုမသိနားမလည်လို့ ပြစ်မှုကျူးလွန်ခြင်းက အများစုဖြစ်သော်လည်း ထိုသို့ကျူးလွန်ခြင်းကြောင့် ဥပဒေကခွင့်လွှတ်မှာမဟုတ်ပါဘူးခင်ဗျား။ ဒါကြောင့် နိုင်ငံသူနိုင်ငံသားတွေ အခြေခံသိရှိထားသင့်တဲ့ ဥပဒေများကို ပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်သွားသင့်ပါတယ်။ ပြုလုပ်ရာတွင်လည်း ကျေးရွာရပ်ကွက်၊ မြို့နယ်အလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရှေ့နေချုပ်ရုံးတို့ရဲ့ တာဝန်ရှိသူများ၊ အရပ်ဘက်ဥပဒေကိုဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များက စေတနာရှေ့ထားကာ သိရှိနားလည်အောင် ပညာပေးဆွေးနွေးမှုများပြုလုပ်ခြင်း၊ ဗီနိုင်းပိုစတာနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီဒီယာများကို ကျယ်ပြန့်စွာအသုံးပြုခြင်း လုပ်သွားသင့်ပါတယ်။ သို့မှသာ နိုင်ငံသူနိုင်ငံသားအနေနဲ့ ဥပဒေကိုသိရှိနားလည်ပြီး လေးစားလိုက်နာလာကြမှာဖြစ်ပါတယ်။ ထိုသို့ ပညာပေးဆွေးနွေးခြင်းများကို ရှေ့နေချုပ်ရုံးနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကလည်း ဆောင်ရွက်လျက်ရှိနေတာကို တွေ့မြင်နေရမှာပဲဖြစ်ပါတယ်။ ထိုလုပ်ငန်းစဉ်များကို ပြည်သူများက အသိတရားဖြင့်ပူးပေါင်းပါဝင်ကာ ပိုမို၍ အရှိန်မြှင့်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယနည်းလမ်းကတော့ ကြိုတင်ကာကွယ်ခြင်းပဲဖြစ်ပါတယ်။ ဤကိစ္စမှာ ပြည်သူ့လုံခြုံရေး(Public Security)နဲ့ သက်ဆိုင်ပါတယ်။ ရဲတပ်ဖွဲ့တွေ ယခင်သတ်မှတ်ထားရှိပြီး ဖြစ်တဲ့ အမှုကြီး ၁၀ မျိုး၊ အခြားမှု ၁၀ မျိုးတို့ကို ပြန်လည်စိစစ်ပြီး Update လုပ်သင့်ပါတယ်။ အမှုကြီး ၁၀ မျိုး၌ မပါဝင်သေးတဲ့ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှု၊ ဂိုဏ်းဖွဲ့ကျူးလွန်မှု(Organize Crime)စသည်တို့ကိုလည်း အမှုကြီး ၁၀ မျိုး၌ ထည့်သွင်းရန်ဖြစ်ပါတယ်။ ယခုအခါ Police Reform ကို ဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူ့အခြေပြု ရဲလုပ်ငန်း(Community Policy)ကို ပိုမို၍ထိထိရောက်ရောက် ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ထိုနည်းတူ မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားလာခြင်းသည် လူမှုပတ်ဝန်းကျင်ကို ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်စေနိုင်သော ထိုအခြေအနေမျိုးသို့ မရောက်ရှိစေရန် မှုခင်းကြိုတင်ကာကွယ်ရေးကို မူဝါဒများ ချမှတ်၍ ကြိုတင်ကာကွယ်ရန် အရေးကြီးလိုအပ်လျက်ရှိပါတယ်။ အဓိကအချက်ကတော့ နိုင်ငံသူ နိုင်ငံသားများဟာ ဥပဒေကို သိရှိနားလည်လက်ခံပြီး မှုခင်းကြိုတင်ကာကွယ်မှုအပိုင်းမှာ မှုခင်းများကို ဆောင်ရွက်နေသည့်ဌာနများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ မိမိတို့တွင်လည်း စုပေါင်းလုပ်ဆောင်ရန်တာဝန်ရှိသည်ဟူသော အမြင်သို့ ပြောင်းလဲရန် များစွာလိုအပ်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း အင်အားထပ်မံဖြည့်တင်းပြီး လိုအပ်သည့်ခေတ်မီနည်းပညာအထောက်အကူပစ္စည်းများကို ဝယ်ယူဖြည့်တင်းပေးရန် လိုအပ်ပါတယ်။ ထိုသို့ မှုခင်းကြိုတင်ကာကွယ်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး အသိတရားဖြင့် ပူးပေါင်းပါဝင်လာမှသာ အောင်မြင်မှုရှိလာမှာဖြစ်ပြီး မီဒီယာများအသုံးပြုခြင်း၊ ဥပဒေစိုးမိုးရေးဌာနများ၏ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်း၊ Fax များဖြင့် ကျယ်ပြန့်စွာသတင်းပေးစေခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပြီး မှုခင်းများလည်း ကျဆင်းလာမှာလည်း မလွဲဧကန်ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယနည်းလမ်းအနေနဲ့ကတော့ အရေးယူမှုအပိုင်းပဲဖြစ်ပါတယ်။ စုံစမ်းထောက်လှမ်းခြင်း(Intelligent)နှင့် စုံစမ်းစစ်ဆေးခြင်း(Investigation)တို့ကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။ တရားရုံးသို့ တရားစွဲတင်ပို့ရာတွင်လည်း သက်သေခံပစ္စည်းများ၊ သက်သေခံဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ သက်သေခံပြည့်ပြည့်စုံစုံ တင်ပြရန်လိုအပ်ပါတယ်။ တရားရုံးရှေ့တွင် တရားခံအား ထိရောက်သော ပြစ်ဒဏ်များပေးရန် ဥပဒေအချက်များ တောင်းဆိုသင့်ပါတယ်။ တရားရုံးက ထိရောက်သော ပြစ်ဒဏ်များချမှတ်သင့်ပါတယ်။ တရားရုံးသို့ တရားစွဲသည့်အမှု တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းသာ ဖြစ်ပေါ်ခဲ့လျှင် အမှုစုံစမ်းစစ်ဆေးခဲ့

သည့်အဖွဲ့အစည်း တရားစွဲတင်ပြီး တရားရုံးရှိ အမှုလိုက်ပါဆောင်ရွက်သည့်အဖွဲ့အစည်းများ၊ တရားရှင်၊ တရားသေလွတ်ရတဲ့ အကြောင်းရင်းကို ဖော်ထုတ်ပြီး ယန္တရား(Mechanism)တစ်ခု တည်ထောင်ဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအချက်အနေနဲ့ကတော့ သုတေသနပြု ခြင်းအပိုင်းဖြစ်ပါတယ်။ သုတေသနပြုရာမှာ ဖြစ်ပွားနေတဲ့မှုခင်းများကို ပြစ်မှုအလိုက် Research လုပ်ပြီး Mapping မြေပုံတင်ကြည့်လို့ရှိရင် မည်သည့်ဧရိယာ၌ မှုခင်းဖြစ်ပွားနေကြောင်း၊ တိုးတက် လာနေကြောင်းကို တိတိကျကျသိရှိလာမှာပဲဖြစ်ပါတယ်။ မှုခင်းဖြစ်ပွားခြင်းကို ရွေးချယ်ဖော်ထုတ်ပြီး Target ဧရိယာသတ်မှတ်ပြီး မှုခင်းကျဆင်းအောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြရရင်တော့ တရားစွဲအဖွဲ့အစည်းများနှင့်အတူ ပြည်သူများအားလုံး ပါဝင်ကာ အမျိုးသားရေးအသွင်ဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်မှသာ မှုခင်းများလျော့နည်း ကျဆင်းပြီး တရားဥပဒေစိုးမိုးရေး ရယူနိုင်မည်ဖြစ်ကာ နိုင်ငံတော်တည်ဆောက်ရေးကို အဟန့်အတား အနှောင့်အယှက်ကင်းစွာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း တင်ပြရင်း အဆိုရှင် ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နှင့် ပြည်သူများအားလုံးအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပြီးတော့ ပန်းတောင်း မဲဆန္ဒနယ်က ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို ဖြည့်စွက်အကြံပြု ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ မှုခင်းဖြစ်ပွားမှု နှုန်းမြင့်မားနေရင် အဲဒီနိုင်ငံမှာနေထိုင်သူများရဲ့ ဘဝဟာလုံခြုံမှုမရှိ၊ တစ်ဦးနှင့် တစ်ဦးအယုံအကြည်နည်းပြီး အစိုးရက ချမှတ်ထားတဲ့မူဝါဒများ အကောင်အထည်ဖော်ရာမှာ များစွာ အခက်အခဲဖြစ်စေပါတယ်။ မှုခင်းဖြစ်ပွားမှုမြင့်မားနေခြင်းဟာ တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် တိုက်ရိုက်သက်ဆိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်လို့ အကြောင်းအရင်းများစွာထဲက အချက်နှစ်ချက်ကို တင်ပြဆွေးနွေးလိုပါတယ်။ ပထမတစ်ချက်ကတော့ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေ၊

ချမှတ်ထားတဲ့မူဝါဒလမ်းညွှန်ချက်တွေဟာ လက်ရှိပကတိအခြေအနေနဲ့ကိုက်ညီမှုရှိ/မရှိကို သုံးသပ်ဖို့ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို အခြေခံပြီး တင်ပြလိုပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ အမွေဆက်ခံပိုင်ခွင့်နှင့်ပတ်သက်တဲ့ကိစ္စမှအပ မြေယာနှင့်ပတ်သက်တဲ့ကိစ္စရပ်အားလုံးကို အဆုံးအဖြတ်ပေးဖို့အတွက် အဆင့်ဆင့်သောလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အခွင့်အာဏာပေးထားပါတယ်။ အကျိုးဆက်ကတော့ တရားရုံးရဲ့စစ်ဆေးစီရင်ပိုင်ခွင့်အာဏာကို အုပ်ချုပ်ရေးအာဏာပိုင်များက လုပ်ဆောင်ကြပါတယ်။ မြေယာစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းဟာ မြေယာပိုင်ရှင်တွေ၊ အသုံးပြုသူတွေနဲ့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအရာရှိများအတွက် နားလည်လိုက်နာကျင့်သုံးဖို့ များစွာအခက်အခဲရှိပါတယ်။ အဲဒီအခါမှာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလမ်းညွှန်ချက်တွေဟာ ရှင်းလင်းလွယ်ကူမှုမရှိတာကြောင့် ချမှတ်ထားတဲ့ဆုံးဖြတ်ချက်များအား လမ်းညွှန်ချက်များနှင့်လိုက်လျောညီထွေမှု ရှိ/မရှိဆန်းစစ်နိုင်ဖို့အခက်အခဲရှိနေပါတယ်။ တချို့ဆုံးဖြတ်ချက်များဟာ ဘယ်သူ့ကိုအနိုင်ပေးလိုက်တာပါဆိုတာပါပြီးတော့မှ သုံးသပ်ချက်လေးတောင်ပါတာကို မတွေ့ရပါဘူး။ အကျိုးဆက်ကတော့ဆုံးဖြတ်ချက်ချမှတ်ရတဲ့သူတွေကို ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှု၊ အဂတိလိုက်စားမှုအနေအထားများကိုရောက်ရှိစေနိုင်ပါတယ်။ မြင်သာထင်သာမှုမရှိတဲ့အပြင် ဘက်လိုက်ဆုံးဖြတ်မှုများဖြစ်ပေါ်ပြီး မြေယာအငြင်းပွားမှုတွေမှာ ပါဝင်ပတ်သက်ကြတဲ့ လူ့အသိုင်းအဝိုင်းနှင့် လူတစ်ဦးချင်းစီကြားမှာ ပဋိပက္ခဖြစ်စေနိုင်ပြီးတော့မှ မှုခင်းများတိုးပွားလာစေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေရဲ့သက်ရောက်မှုကိုတိုက်ရိုက်ခံစားရမယ့်ပုဂ္ဂိုလ်တွေ၊ လိုက်နာကျင့်သုံးမယ့် လက်တွေ့ကျတဲ့မူဝါဒလမ်းညွှန်မှုတွေ၊ ဥပဒေတွေဖြစ်ဖို့ ပြန်လည်သုံးသပ်ဖို့လိုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ စိတ်ချယုံကြည်ရတဲ့ တရားစီရင်ရေးစနစ်ဖြစ်ဖို့ဟာလည်း မှုခင်းကျဆင်းမှုကိစ္စရပ်တွေမှာ များစွာအရေးပါပါတယ်။ ယုံကြည်အားကိုးစရာ တရားစီရင်ရေးဖြစ်မှသာ ပြဿနာတစ်ရပ်ရပ်ဖြစ်ပေါ်လာရင် မိမိသဘောအတိုင်းဖြေရှင်းခြင်းမဟုတ်ဘဲ တရားရုံးအဆုံးအဖြတ်ရယူတဲ့ အမူအကျင့်ကောင်းတွေကို ရရှိစေမှာဖြစ်ပါတယ်။ ယုံကြည်စိတ်ချစရာတရားရုံးများဖြစ်ဖို့အတွက် အမှုများကိုမှန်မှန်နှင့်မြန်မြန်ဆုံးဖြတ်ပေးဖို့ကလည်း လွန်စွာအရေးကြီးပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းစွာတင်ပြနိုင်ဖို့အတွက် ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်ကနေ ဇွန်လ ၃၀ ရက်နေ့အထိ တရားရုံးအလိုက်အမှုစစ်ဆေးပြီးပြတ်မှုဇယားကို မြန်မာ့အလင်းသတင်းစာထဲကနေ ထုတ်နုတ်ဖော်ပြထားတဲ့ဇယား

ဖြစ်ပါတယ်။ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာဆိုလို့ရှိရင် ပြစ်မှုအနေနဲ့ ၁၀၉၂ မှုလက်ခံရရှိပြီးတော့မှ ၅၄၆ မှုကို ကျွန်တော်တို့စစ်ဆေးပြီးသွားပြီ။ စစ်ဆေးဆဲက ၅၄၆ မှု ဖြစ်ပါတယ်။ တရားမမှုအနေနဲ့ဆိုလို့ရှိရင် ၂၃၂၉ မှု၊ စစ်ဆေးပြီးတာက ၁၂၇၅ မှု၊ စစ်ဆေးဆဲက ကျန်ရှိနေတာက ၁၀၅၄ မှုဖြစ်ပါတယ်။ အဲဒီတော့ ရာခိုင်နှုန်းအားဖြင့်ကြည့်မယ်ဆိုရင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ပြစ်မှုတွေက စစ်ဆေးစီရင်ပြီးတာက ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းပြီး ပြီးတော့မှ တရားမမှုမှာ ၅၅ ရာခိုင်နှုန်းပဲပြီးပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်မှာ ဆိုလို့ရှိရင် ၅၃.၂၀ ရာခိုင်နှုန်း ပြစ်မှုမှာပြီးစီးပြီးတော့မှ တရားမှုမှာ ၄၉ ရာခိုင်နှုန်းပဲ ပြီးပြတ်တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်တိုင်ကြုံတွေ့ခံစားရသူတစ်ဦးရဲ့ပြောပြချက်အရ ပြည်နယ်တရား လွှတ်တော်တစ်ခုဟာ အယူခံမှုတွေကို စီရင်ချက်ချမှတ်ဖို့အတွက် နှစ်နဲ့ချီပြီးကြန့်ကြာနေတဲ့အတွက် ကာယကံရှင်များဟာ အလွန်တရာနစ်နာနေကြတယ်ဆိုတဲ့အကြောင်းကို သိရှိရပါတယ်။ ဒီလို ဆုံးဖြတ်ချက်များကြန့်ကြာလာတဲ့အခါ တရားရုံးအပေါ်စိတ်ချယုံကြည်မှုနည်းလာစေပါတယ်။ ဒါ့အပြင် သံသယရှိစရာဆုံးဖြတ်ချက်များကြောင့် ဥပဒေအကာအကွယ်မရှိဘူးလို့ ခံစားရလာတဲ့အခါ အခြား နည်းလမ်းနှင့်ဖြေရှင်းဆောင်ရွက်ဖို့ ကြိုးစားလာတဲ့အတွက် ဥပဒေနှင့်မညီညွတ်ဘဲ မှုခင်းများကို တိုးပွားစေပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိုင်းဒေသကြီး လွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်၊ တရားလွှတ်တော်ချုပ်၊ ခရိုင်တရားရုံးများရဲ့ (၁၁)ကြိမ် မြောက် အစည်းအဝေးမှာ ဒီကိစ္စကို လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှာ ပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ ဘယ်လိုပြောကြားခဲ့လဲဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူလူထုရဲ့ စိတ်ချယုံကြည်မှုနဲ့ထိရောက်တဲ့ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရန် အချိန်ကာလဖြစ်ကြောင်းဆိုပြီးတော့မှ ဒီလိုပြောကြားထားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ကြိုဆိုဖို့လိုအပ်သလို စောင့်ကြည့် ဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့်တင်ပြရမယ်ဆိုလို့ရှိရင် မှုခင်းကျဆင်းပြီး တရားဥပဒေစိုးမိုးဖို့အတွက်ဆိုလို့ရှိရင် ပြဋ္ဌာန်းထားတဲ့ဥပဒေတွေ၊ ညွှန်ကြားချက်တွေ က အဲဒီဥပဒေသက်ရောက်မှုအကျိုးကို တိုက်ရိုက်ခံစားရမည့်သူများ လက်တွေ့ကျင့်သုံးနိုင်ဖို့ လိုအပ် ပါတယ်။ ဒီကနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဆောင်းပါးရှင်တစ်ဦးရဲ့ ဆောင်းပါးထဲက ကောက်နုတ်ချက်တစ်ခုကို တင်ပြလိုပါတယ်။ The Rule and Regulation must be obey able available to be obey able  they must be reasonable and Practicable ဆိုပြီးတော့မှ

ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာထဲမှာလည်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လူတိုင်းလိုက်နာနိုင်တဲ့ဥပဒေဖြစ်ဖို့ လိုအပ်သလို စစ်ဆေးဆုံးဖြတ်ရတဲ့ တရားရုံးတွေအပေါ် ပြည်သူလူထုစိတ်ချယုံကြည်မှုရှိဖို့ကလည်း များစွာအရေးကြီးပါတယ်လို့ တင်ပြရင်းနဲ့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို (ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေါ်ခင်နှင်းသစ်တင်သွင်းသွားတဲ့ မှုခင်းကျဆင်းရေး အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းလိုက်နာခြင်းဟာ အလွန်အရေးကြီးပါတယ်။ နိုင်ငံသူနိုင်ငံသားများ စည်းကမ်းလိုက်နာပြီးတော့ တရားဥပဒေစိုးမိုးမှုရှိနေရင် နိုင်ငံတိုးတက်ပြီးတော့ စည်းကမ်းလိုက်နာမှုမရှိဘူး၊ တရားဥပဒေစိုးမိုးမှုလည်းမရှိဘူးဆိုရင် နိုင်ငံရဲ့အရေးတွေဟာ ဆုတ်ယုတ်သွားနိုင်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ထိန်းကျောင်းပြုပေးသူများကတော့ နံပါတ်(၁)အနေနဲ့ ရှေ့ကကိုယ်စားလှယ်ကြီးများလည်း ပြောသွားပြီးပါပြီ။ အဓိကပြည်သူ့ရဲတပ်ဖွဲ့ပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့အင်အားဖြည့်တင်းနေမယ်၊ ရဲအရည်အချင်းတွေပြည့်ဝနေမယ်။ အဂတိလိုက်စားမှုကင်းဖို့လိုပါတယ်။ နံပါတ်(၂)အနေနဲ့က တရားစီရင်ရေးနှင့် သက်ဆိုင်သော တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေဝန်ထမ်းများအားလုံး သမာသမတ်ရှိဖို့လိုပါတယ်။ နံပါတ် (၃) အနေနဲ့ကတော့ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့ဖြစ်ပါတယ်။ ဘက်လိုက်မှုကင်းစွာနဲ့အုပ်ချုပ်မယ်ဆိုလို့ရှိရင်လည်း အရေးကြီးပါတယ်။ နောက်ဆုံးအနေနဲ့က ဝန်ထမ်းများနှင့် နိုင်ငံသူနိုင်ငံသားများကိုယ်တိုင် ဖြစ်ပါတယ်။ စည်းကမ်းလိုက်နာမှုလိုပါတယ်။ ဥပဒေကို လိုက်နာဖို့လိုပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံရဲ့နေရာတိုင်းမှာ လွှမ်းခြုံသင့်ပြီးတော့ အပြစ်မဲ့ပြည်သူများ၏ လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှုပေးပြီး ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာအရေးယူသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုနောက်ပိုင်း ကျူးလွန်နေတဲ့ပြစ်မှုတွေဟာ အင်မတန် ထိတ်လန့်စရာ ကောင်းလာပါတယ်။ မိမိရဲ့မိရင်း၊ ဖရင်းများကို ပြန်သတ်မှုတွေ ကြားနေရပါတယ်။ ညီအစ်ကိုမောင်နှမ အချင်းချင်းတူအရီးအချင်းချင်း၊ လင်မယားအချင်းချင်း ပြန်သတ်မှုများ ကြားနေရပါတယ်။ မဖြစ်သင့်တဲ့ ကိစ္စများဖြစ်ပါတယ်။ အသိပညာနည်းမှု၊ ဟီရိဩတပ္ပတရားများ၊ ကိုယ်ကျင့်တရားများ နည်းပါးလာမှု စီးပွားရေးမပြေလည်မှုအပေါ်မှာ အရက်နှင့်အထူးသဖြင့် မူးယစ်ဆေးဝါး အဓိက စိတ်ကြွဆေးများ စားသုံးမှုတွေက ပြစ်မှုကိုပိုပြီးတော့ ကျူးလွန်စေပါတယ်။ အရက်နှင့်မူးယစ်ဆေးဝါး အထူးသဖြင့် စိတ်ကြွဆေးများကို ထိထိရောက်ရောက် ထိန်းချုပ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ခု သက်ငယ်မုဒိမ်းနှင့်ပတ်သက်၍ အနည်းငယ် ဆွေးနွေးလိုပါတယ်။ သက်ငယ်မုဒိမ်းမှု ယခုနောက်ပိုင်း မကြာခဏကြားနေရပါတယ်။ အလွန်ဆိုးရွားသည်ဟု ယူဆပါတယ်။ ကလေးတွေဟာ တိုင်းပြည်ရဲ့အနာဂတ်ပါ။ မသိနားမလည်သော အပြစ်ကင်းသည့်ကလေးအပေါ်မှာ ကျူးလွန်ခြင်းဟာ ကလေးရဲ့ဘဝကို သတ်လိုက်တာနဲ့အတူတူပါပဲ။ အသက်အငယ်ဆုံးကလေး ကျူးလွန်ခံရတဲ့ကလေးဟာ အသက်လေးနှစ်လို့ သိရပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာန၏စာရင်းအရ မြို့နယ် ၂၇ မြို့နယ်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ သက်ငယ်မိန်းကလေး လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရခြင်း၊ ကြံစည်ခံရခြင်း၊ လူကုန်ကူးမှုခံရခြင်း ၄၇ မှုရှိနေပါတယ်။ တစ်လကို ၉ မှု၊ ၁၀ မှု ဖြစ်နေခြင်း ဖြစ်ပါတယ်။ များလွန်းနေပါတယ်။ ကွ္ဍန်မရဲ့မဲဆန္ဒနယ်မှာ ဖြစ်ခဲ့တဲ့မိန်းကလေးဟာ အသက်လေးနှစ်ခွဲမှာ ကျူးလွန်ခံရတာ တစ်နှစ်အကြာမှာ သေဆုံးသွားပါတယ်။ ဒီလိုဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်သင့်တော့ပါဘူး။ ဒီကလေးမလေးများကို မိဘတွေရော၊ ဆွေမျိုးတွေရော၊ ကျောင်းဆရာဆရာမတွေရော၊ ရပ်ရွာကလူများရော ဝိုင်းဝန်းစောင့်ရှောက်ပေးဖို့ လိုပါလိမ့်မယ်။ ပြစ်မှုဖြစ်သွားလို့ရှိရင်လည်း ကျူးလွန်ခံရတဲ့ကလေးကို ရဲစခန်းကတစ်ခါစစ်၊ ဆေးရုံကနေတစ်ခါစစ်၊ ထပ်ခါထပ်ခါစစ်ခံနေရတဲ့ အချိန်မှာကလေးငယ်တွေဟာ ကြောက်လန့်ပြီးတော့ စိတ်ဒဏ်ရာရပါတယ်။ သူတို့ကြားရတဲ့ စကားတွေကလည်းသူတို့မကြားသင့်တဲ့အရာတွေဆိုတော့ သူတို့တော်တော်ကြီး စိတ်ခံစားရပါတယ်။ ဘဝမှာလည်း အရှက်ကွဲအမည်းစက် ထင်နေရပါတယ်။ ဒါကြောင့်မို့လို့ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး ကျူးလွန်ခံနေရတဲ့ကလေးတွေကို အထူး Special Case အနေနဲ့ ရဲစခန်းနှင့်ဆေးစစ်ချက်နှစ်ခုကို One Stop Service နဲ့ပြီးအောင် စီစဉ်ပြီးတော့ အမှုစစ်တဲ့ အခါမှာလည်း သီးခြားကြပ်မတ်လုံခြုံစွာနှင့် အမြန်စစ်ဆေးသင့်ပါတယ်။ ကျူးလွန်သူများကိုလည်း ရှေ့ကကိုယ်စားလှယ်ကြီး ပြောသွားသလို ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ထိထိရောက်ရောက် သီးသန့်

ပြစ်ဒဏ်များ ကျူးလွန်တဲ့သူများကို ချမှတ်သင့်ပါတယ်။ အခုခေတ်မှာ မိန်းကလေးတွေကို အမျိုးသမီး ကဏ္ဍကိုမြှင့်တင်နေတဲ့အချိန်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသမီးလေးများအပေါ်မှာလည်း ကျွန်မတို့ အနေနဲ့ပိုပြီး လုံခြုံစွာ ကာကွယ်စောင့်ရှောက်မှု ပေးစေချင်ပါတယ်။ ကျွန်မတို့ရဲ့မိန်းကလေးငယ်လေး တွေကို လွတ်လွတ်လပ်လပ် သူ့တိုဟာသူတို့ ဆော့ကစားသွားလာနေစေချင်ပါတယ်။

ကျွန်မနောက်တစ်ခုဆွေးနွေးလိုတာက ကျွန်မတို့ပင်လယ်ပိုင်းမြို့များမှာ ကျွန်မတို့မြို့နယ် တွေမှာ ဖြစ်နေတာပေါ့နော်။ ပင်လယ်နဲ့ဆက်နေတဲ့ လယ်တွေထဲမှာ ငါးဖမ်းတာက ငါးရစ်၊ ငါးသန် အချိန်တွင် ငါးမဖမ်းရဟု တားမြစ်ထားပေမယ့် ပုန်းလျှိုးကွယ်လျှိုး၊ ဘက်ထရီလျှော့ရိုက် အကြီး အကျယ်လုပ်နေကြပါတယ်။ နေရာအနှံ့လုပ်နေကြပါတယ်။ ကွယ်လုပ်တာဆိုတော့ ဖမ်းလို့ကလည်း ခက်ပါတယ်။ ဘက်ထရီလျှော့ရိုက်တဲ့အတွက်ကြောင့်မို့လို့လည်း ငါးသေးကလေးတွေ အကုန်သေပါ တယ်။ အဆိပ်ဆေးချပြီးတော့ ပုစွန်ဖမ်းခြင်းမျိုးရှိတဲ့အကြောင်းကိုလည်း ပုစွန်တင်မကဘူးတခြား ငါးလည်းသေပါတယ်။ အဲဒီတော့ ငါးသေးကလေးတွေ အများကြီးဆုံးရှုံးကြပါတယ်။ နောက်မြန်မာ့ ပင်လယ်ပြင်မှာလည်း နိုင်ငံခြားငါးဖမ်းသင်္ဘော ဝင်ရောက်ဖမ်းမှုမှာလည်း ရဲတင်းစွာလုပ်နေပါတယ်။ ပိုက်စိပ်နဲ့ မြစ်ကြမ်းပြင်အထိ တရွတ်တိုက်ဖမ်းပြီးတော့ သူတို့လိုချင်တဲ့ ငါးကြီးကိုယူပြီး ငါးသေးသေး လေးများကို ပင်လယ်ထဲမှာဖွေးနေအောင် ပြန်စွန့်ခဲ့တဲ့အတွက် ငါးမျိုးပြုန်းတီးမယ့် အန္တရာယ်ရှိနေပါ တာကို တရားဥပဒေစိုးမိုးမှုနှင့် ထိန်းချုပ်သင့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်၊ နိုင်ငံအဝန်းမှာ ယခုကဲ့သို့ ဥပဒေ ကိုဖောက်ဖျက်ကျူးလွန်တဲ့အပြစ် ဤကျူးလွန်သူများကို နိုင်ငံနှင့်ပြည်သူ့မျက်နှာကြည့်ပြီး ဥပဒေ အတိုင်း ထိရောက်စွာကိုင်တွယ်မယ်ဆိုလို့ရှိရင် နိုင်ငံတည်ဆောက်ရေးမှာ အဟန့်အတားဖြစ်နေတဲ့ ပြစ်မှုများကျဆင်းသွားမည်ဟု ယူဆကြောင်းအကြံပြုရင်း ဒေါ်ခင်နှင်းသစ်၏အဆိုကို ထောက်ခံအပ်ပါ တယ်။(သြဘာသံများ)

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် တင်သွင်းတဲ့ အစိုးရသစ်ရဲ့ လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတော်တည်ဆောက်ရေးတို့ကို အဟန့်အတားအနှောင့်အယှက်ဖြစ်နေသောကြောင့် မူခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအပေါ်မှာ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဦးစွာအနေနဲ့ အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဝင်ရောက်ဆွေးနွေးချက်များ ဟာ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိတဲ့ မူခင်းကျဆင်းရေးအတွက်ကို အင်မတန်ပြည့်စုံကောင်းမွန်တဲ့ အပြင် အပြုသဘောဆောင်သော ဆွေးနွေးချက်၊ အကြံပြုချက်များဖြစ်တဲ့အတွက် ဆွေးနွေးမှုအပေါ် များစွာ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်တွေအားလုံးကိုလည်း ပြည့်စုံစွာရယူပြီး ကျွန်တော်တို့ဆောင်ရွက်လျက်ရှိတဲ့ မူခင်း ကျဆင်းရေးလုပ်ငန်းစဉ်တွေထဲမှာ အလေးအနက်ထား ထည့်သွင်းဆောင်ရွက်နိုင်ရေးကိုလည်း သုံးသပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဟာ လက်ရှိနိုင်ငံတော်အစိုးရရဲ့မူဝါဒများ၊ ပြည်ထဲရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒများနှင့်အညီ မိမိတို့၏ ရည်မှန်းချက်၊ တာဝန်၊ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ရည်မှန်းချက်တာဝန်လေးရပ်နဲ့ လုပ်ငန်းတာဝန် ခြောက်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မူခင်းကျဆင်းရေးလုပ်ငန်းများကိုလည်း အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း များ၊ မူခင်းကျဆင်းရေးလုပ်ငန်းများဟာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များနှင့် ၎င်းတို့ရဲ့ လက်အောက်ရှိ ခရိုင်မြို့နယ်ရဲတပ်ဖွဲ့များ၊ ရဲစခန်း၊ ရဲကင်းများမှာ အဓိကထားဆောင်ရွက်လျက်ရှိပြီး တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မိမိတို့ကျရာကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လက်ရှိဖွဲ့စည်းပုံခွင့်ပြုအင်အား ရဲ့ ၄၆.၂၅ ရာခိုင်နှုန်း ခန့်အပ်ထားနိုင်ပြီး မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာစံနှုန်းများအရ ရဲနှင့်ပြည်သူအချိုးမှာ ၁ း ၄၀၀ ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေး အဓိကဆောင်ရွက်နေတဲ့ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များနှင့် ရဲနှင့်ပြည်သူအချိုးမှာ ၁ း ၁၁၉၁

ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မှုခင်းဖြစ်ပွားမှုအများဆုံး ဖြစ်ပွားတဲ့ တိုင်းဒေသကြီး/ပြည်နယ်များကို ဖြစ်စဉ်ဖြစ်ရပ်များအပေါ် လေ့လာသုံးသပ်တဲ့အခါမှာ ပထမအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ၃၄၅ မှုနဲ့အများဆုံးဖြစ်ပွားခဲ့ပြီး၊ ဧရာဝတီတိုင်းဒေသကြီးမှာ ၂၉၆ မှုနှင့် ဒုတိယအများဆုံးဖြစ်ပွားခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၂၆ မှုနဲ့ တတိယအများဆုံး ဖြစ်ပွားခဲ့ပြီး လက်ရှိ ၂၀၁၆ ခုနှစ် မေလအထိကာလမှာလည်း တင်ပြခဲ့တဲ့ တိုင်းဒေသကြီးများဟာ အမှု ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မှုခင်းဖြစ်ပွားမှုအပေါ် လေ့လာသုံးသပ်ချက် များအရ မှုခင်းဖြစ်ပွားမှုတွေဟာ တိုင်းဒေသကြီးမှာ လူဦးရေသိပ်သည်းပြီး ရဲတပ်ဖွဲ့ဝင်အင်အား နည်းပါးမှုဟာ မှုခင်းဖြစ်ပွားရတဲ့ အဓိကအကြောင်းရင်းထဲမှာ အချက်တစ်ချက်အဖြစ် ပါဝင်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများဆွေးနွေးချက်ထဲမှာ ပါရှိခဲ့တဲ့အတိုင်း ပါပဲ။ ကျွန်တော်တို့ ရဲတပ်ရင်းများမှ အင်အားများကို ထုတ်နုတ်ပြီးတော့ သက်ဆိုင်ရာနယ်မြေရဲစခန်း များကိုလည်း ၂၀၁၆ ခုနှစ် မေလမှ စတင်၍ အင်အားဖြည့်တင်းမှုများလည်း ဆောင်ရွက်လျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဖွဲ့စည်းပုံအင်အား ပြင်ဆင်တိုးမြှင့် နိုင်ရေးကို ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၂ ခုနှစ်မတိုင်မီက မူလဖွဲ့စည်းပုံအင်အား ၁၂၁၆၁၃ ဦး ရှိခဲ့ရာ ကနေ အဆင့်ဆင့်တိုးမြှင့်ပြင်ဆင်ခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာတော့ ဖွဲ့စည်းပုံ အင်အား ၁၆၆၄၀၄ ဦးအထိ ဖွဲ့စည်းပုံတိုးမြှင့်ပြင်ဆင်ထားရှိခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအင်အားမှာ ၇၆၉၆၄ ဦး ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံရဲ့ ၄၆.၂၅ ရာခိုင်နှုန်းဖြစ်ပြီး လိုအပ်တဲ့အင်အားများ ဖြည့်တင်း နိုင်ရေးတို့ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တပ်ရင်း၊ တပ်ဖွဲ့၊ သင်တန်းကျောင်းများ အလိုက် သတ်မှတ်အရည်အချင်းပြည့်မီပြီး ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လိုသူတွေကို စိတ်ပညာ စစ်ဆေးပြီး စနစ်တကျစုဆောင်း လေ့ကျင့်ပေးလျက်ရှိသလို ရဲတပ်ဖွဲ့ဝင်အင်အား ဖြည့်တင်းရေး လုပ်ငန်းတွေကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။

မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်မှု ယခင်က ၁၀ မှုဖြစ်ခဲ့သော်လည်း ယခု ၁၁ မျိုးအထိ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်တဲ့ အခါမှာ ၂၀၁၃ ခုနှစ်မှာ ကြိုတင်ကာကွယ်မှုကို ၂၀၀၅၂ မှုပဲ ဖမ်းဆီးနိုင်ခဲ့ပေမယ့် ၂၀၁၅ ခုနှစ်မှာတော့ ၈၂၆၆၃ မှုအထိ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ဖမ်းဆီးမှုမှာတော့ ၅၆၄၉၂ မှုရှိပြီး အသီးသီးဖော်ထုတ်နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများကိုလည်း ပိုမိုတိုးမြှင့်

ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မူခင်းကျဆင်းရေးနှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်မှစ၍ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရက်(၁၀၀)စီမံချက်နှင့်အညီ ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ မူခင်းကျဆင်း ရေးလုပ်ငန်းများကို မှုခင်းဖြစ်ပွားမှုနှုန်းများနဲ့ လူဦးရေသိပ်သည်းဆများပြားတဲ့ မြို့နယ်များကို အဓိက ထားရွေးချယ်ကာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များမှာ အင်အားဖြည့်တင်းမှုများ ဆောင်ရွက် ခဲ့ပြီး ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်တဲ့ အမှုအများဆုံးကို အဓိကထား စုံစမ်းဖော်ထုတ်ဖမ်းဆီးလျက် ရှိပြီး မှုခင်းကျဆင်းရေးကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းကျဆင်းရေး လုပ်ငန်းများဆောင်ရွက်ရာမှာ ပြည်သူလူထုမှ အကူအညီတောင်းခံမှုများအပေါ် လျင်မြန်စွာတုံ့ပြန် အကူညီပေးနိုင်ရေးအတွက် ရန်ကုန်မြို့မှာ 199 Call Centre ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ တပ်ဆင်အသုံးပြုလျက်ရှိပြီး မန္တလေးမြို့မှာလည်း အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ 199 Hotline စနစ်တပ်ဆင်ထားတဲ့ တယ်လီဖုန်းတွေကို နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိ တဲ့ မြို့နယ် ၁၈၁ မြို့နယ်မှာ မြို့မရဲစခန်းတွေမှာ တပ်ဆင်ထားပြီး ၂၄ နာရီ အချိန်ပြည့်ဖွင့်လှစ်ကာ ပြည်သူလူထုရဲ့အကူအညီတောင်းခံလာမှုများကိုလည်း အလျင်အမြန်တုံ့ပြန် အကူအညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်မြို့မရဲစခန်း၊ နယ်မြေစခန်းနှင့် ရဲကင်း၊ ရဲစခန်းတွေမှာလည်း တပ်ဆင် နိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မော်တော်ယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်ခြင်း၊ စက်ဘီးလှည့်ကင်း၊ ခြေလျင် လှည့်ကင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသလို NGO အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်သော ပိုမိုထိရောက်တဲ့ လှည့်ကင်းစနစ်တွေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအား အသိပညာပေးဟောပြောမှုများကို အလေးအနက်ထားတိုးမြှင့် ဆောင်ရွက်လျက် ရှိပြီး ဒီလိုဆောင်ရွက်ရာမှာ ရဲတပ်ဖွဲ့မှ မှုခင်းပိုင်းဆိုင်ရာများကို ဆွေးနွေးဟောပြောမှုများသာမကဘဲနဲ့ ဥပဒေပညာရှင်များကိုလည်း ဖိတ်ကြားပြီး ပြည်သူလူထုအား ဥပဒေအသိပညာပေးဟောပြောမှုများ ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရဲတပ်ဖွဲ့လုပ်ငန်းပိုင်းနှင့် ကဏ္ဍအလိုက်ဆက်နွှယ်မှုရှိတဲ့ ဌာနဆိုင်ရာများကိုလည်း ဖိတ်ကြားပြီး ပြည်သူလူထုသို့ ပညာပေးဟောပြောမှုများ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်

**မူကြမ်း**

အနေဖြင့် အစိုးရအဆက်ဆက်မှ ယနေ့အထိ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ စစ်တွေ မြို့များမှာ ပမာဏများပြားတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများရှိခဲ့ပြီး ဖမ်းဆီးရမိမှုနှင့်ပတ်သက်လို့ လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ ပြည်သူများနှင့်ပူးပေါင်းပြီး တရားခံများ၊ ကွင်းဆက်တရားခံများ အသီးသီးဖော်ထုတ်ဖမ်းဆီးပြီး သက်ဆိုင်ရာတရားရုံးများသို့ တင်ပို့နိုင်ခဲ့မှုများရှိသလို ကျန်ရှိနေသောတရားခံများ ဖမ်းဆီးရမိရေးကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်ပြီး ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ အထိရေးဆွဲပြီး နည်းဗျူဟာသုံးရပ်ကိုလည်း ဟန်ချက်ညီညီအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မှုခင်းကျဆင်းရေး အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်တိုးတက်မြင့်မားရေးနှင့် အရည်အချင်းပြည့်ဝတဲ့ တပ်ဖွဲ့ဝင်အရာရှိနှင့် အခြားအဆင့်များ မွေးထုတ်ပေးနိုင်ရေးအတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးဌာနကြီးအောက်မှာရှိတဲ့ အရာရှိနှင့် အခြားအဆင့်လေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်းမှ အခြေခံသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်စေခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပြည်ပသင်တန်းများသို့ တက်ရောက်စေခြင်း၊ ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်းအပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ တပ်ဖွဲ့ဝင်များ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင် စေရေးကိုလည်း အလေးထားကြပ်မတ်လျက်ရှိပြီး ဥပဒေဖောက်ဖျက်မှုများကိုလည်း ဖော်ထုတ် အရေးယူမှုများ အလေးထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လုံခြုံရေးနှင့် တရား ဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ရဲတပ်ဖွဲ့ဝင်အင်အားများ အင်အားဖြည့်တင်း ခြင်း၊ စွမ်းရည်ထက်မြက်ပြည့်ဝစေရေးအတွက် လေ့ကျင့်သင်ကြားပေးမှုများ ဆောင်ရွက်သည့်အပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်တဲ့ငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်းများကိုလည်း လက်ရှိနိုင်ငံတော် ရဲ့ ဘဏ္ဍာငွေကြေးအခြေအနေအရ ခွင့်ပြုသည့်ရန်ပုံငွေများအနက်မှ မှုခင်းများစုံစမ်းစစ်ဆေး ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်များ ထောက်ပံ့ပေးခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး

**မူကြမ်း**

ဆောင်ရွက်ရာမှာ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် သွားလာသယ်ယူ ပို့ဆောင်ရန်အတွက် လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ အချို့ယာဉ်များကို ရဲစခန်းများအဆင့်အထိ ဖြည့်ဆည်းထားရှိပြီးဖြစ်သည့်အပြင် ခေတ်မီနည်းပညာသုံး ဆက်သွယ်ရေးစက်ပစ္စည်းများ၊ မှုခင်း ဖော်ထုတ်စေရေးဆိုင်ရာ စက်ကိရိယာပစ္စည်းများ၊ လုံခြုံရေးစစ်ဆေးမှုဆိုင်ရာ စက်ပစ္စည်းများကိုလည်း အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော် လက်ရှိရရှိထားတဲ့အခြေအနေမှာ ပြည့်စုံလုံလောက်မှုမရှိသေးတဲ့အတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ခွင့်ပြုချက်အပေါ်မူတည်ပြီး လိုအပ် ချက်များကိုလည်း ထပ်မံစစ်ဆေးဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲစေမယ့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ရရှိစေရေးအတွက် ပြောင်းလဲလာတဲ့မှုခင်းကာကွယ်မှုဆိုင်ရာ နိုင်ငံတကာအယူအဆများကို အခြေခံပြီး ကာလတို၊ ကာလရှည် ဆောင်ရွက်သွားသင့်တဲ့စီမံချက်များနဲ့ လတ်တလောဆောင်ရွက်သွားသင့်တဲ့ အစီအမံတို့ကို အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းကာကွယ်ရေးဆိုင်ရာ အယူအဆ များမှာ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကာလအတွင်း အဓိကပြောင်းလဲမှုတစ်ခုဖြစ်လာခဲ့ပြီး မှုခင်းကာကွယ်ရေး အတွက် ရဲတပ်ဖွဲ့မှာသာမက ကဏ္ဍပေါင်းစုံမှ ပူးပေါင်းလုပ်ဆောင်ရမည်ဟူသောအမြင်သို့ ပြောင်းလဲ လာကြောင်းလည်း တွေ့ရှိရပါတယ်။ အကြမ်းဖက်မှုနှင့်မှုခင်းများဟာ များစွာသော လူမှုရေး၊ စီးပွား ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် နီးကပ်စွာ ဆက်နွှယ်နေသောကြောင့် အစိုးရအဆင့်ဆင့် ဟာ ပြည်သူများ ဘေးကင်းလုံခြုံမှုရရှိစေရန်အတွက် ပြစ်မှုဆိုင်ရာနှင့် တရားစီရင်ရေးတစ်ခုအပေါ် တွင်သာ မှီခိုအားထားရန် မဖြစ်နိုင်တော့ဘဲ ရဲတပ်ဖွဲ့၊ တရားစီရင်ရေးကဏ္ဍအပါအဝင် အိုးအိမ်နေရာ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေး၊ ဝန်ဆောင်မှုများစသည်တို့မှာ တာဝန်ရှိတဲ့ သက်ဆိုင်ရာဌာနများအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းဖြစ်စေနိုင်တဲ့ အခြေခံ ဆိုးကျိုးသက်ရောက်မှုများမှာ ကမ္ဘာလုံးဆိုင်ရာအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်၊ လူတစ်ဦးတည်း အဆင့်ဟူ၍ ခွဲခြားတည်ရှိနေကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘာ့အဆင့်မှာ ဒေသများနဲ့ နိုင်ငံများအတွက် ဆိုးဝါးသောအကျိုးဆက်တွေကို ဖြစ်ပေါ်စေနိုင်တဲ့ လူအုပ်စုလိုက်ရွှေ့ပြောင်းမှုများ လျင်မြန်စွာတိုးတက်ပြောင်းလဲစေနိုင်တဲ့ မြို့ပြတည်ဆောက်မှုတွေ၊ ပတ်ဝန်းကျင်ဆိုင်ရာကပ်ဆိုးများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကပ်ဆိုးများ၊ ကုန်သွယ်မှုနှင့် ဆက်ဆံရေးပုံစံပြောင်းလဲမှု စသည်တို့ ပါဝင်ပါတယ်။ နိုင်ငံအဆင့်မှာ တိုင်းပြည်တစ်ခုရဲ့ အဆင်းရဲဆုံးနှင့် အချမ်းသာဆုံးလူများအကြား

မိသားစုဝင်ငွေကွာဟမှုအတိုင်းအတာ၊ အကျင့်ပျက်ခြစားမှုအဆင့်ဆင့်၊ လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံနှင့် အဖွဲ့အစည်းတို့ရဲ့အရည်အသွေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုပုံစံများ စသည့်အရာ အားလုံးဟာ မှုခင်းနှင့်ယင်းရဲ့သားကောင်ဖြစ်သော အန္တရာယ်များကို တိုးပွားစေတဲ့အခြေအနေများ ကိုလည်း ဖန်တီးဖြစ်ပေါ်စေနိုင်ပါတယ်။

ဒေသဆိုင်ရာအဆင့်မှာ လုံလောက်မှုမရှိသော လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာအဆောက်အအုံ၊ ဘဏ္ဍာငွေကြေးနှင့် အုပ်ချုပ်မှုအာဏာ၊ ဆင်းရဲနွမ်းပါးသော အိုးအိမ်နေရာနှင့်ပတ်ဝန်းကျင်အခြေ အနေများ၊ ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှုများ၊ ပံ့ပိုးစရိတ်ကင်းမဲ့နေခြင်း၊ အလုပ်လက်မဲ့မြင့်မား နေခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းချခြင်း၊ လက်နက်ငယ်များ တရားမဝင်ကိုင် ဆောင်မှုများရှိလာခြင်း စတဲ့အခြေခံအကြောင်းများဟာ မှုခင်းဖြစ်ပွားမှုအန္တရာယ်ကို တိုးပွားစေနိုင်ပါ တယ်။ တစ်ဦးချင်းအဆင့်ဟာ ပြစ်မှုကျူးလွန်ခြင်းနှင့် သားကောင်ဖြစ်ရခြင်းတို့ ဖြစ်စေနိုင်သော အန္တရာယ်ဖြစ်စေနိုင်တဲ့ အကြောင်းအရင်းတွေထဲမှာတော့ ဆင်းရဲနွမ်းပါးမှုနှင့် အထီးကျန်မှုကဲ့သို့သော မိသားစုအခြေအနေများ၊ ဥပဒေချိုးဖောက်ပြီး ပြစ်မှုကျူးလွန်တတ်သောအကျင့်သို့ ဦးတည်စေတဲ့ ပတ်ဝန်းကျင်အခြေအနေ အကြောင်းတရားများဟာ ပြစ်မှုများကို ပိုမိုဖြစ်ပေါ်စေနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် အထက်မှာဖော်ပြခဲ့တဲ့ မှုခင်းဖြစ်ပေါ်စေနိုင်သော အကြောင်းများကိုအခြေခံပြီး နိုင်ငံတော် အဆင့် မှုခင်းကာကွယ်ရေးအစီအစဉ်များကို ဖော်ဆောင်နိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက မှုခင်း ကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒသဘောတရားရှစ်ခုကိုလည်း ချမှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂရဲ့ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာလမ်းညွှန် သဘောတရားရှစ်ချက်နှင့် ကိုက်ညီတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြားကဏ္ဍများ၊ လူမှုအဖွဲ့အစည်းများပါဝင်တဲ့ အမျိုးသားအဆင့် ပြစ်မှုကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်(National Crime Prevention Strategy) ကိုရေးဆွဲပြီး ၎င်းကိုအခြေခံ၍ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များအထိ ရေးဆွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအခြေ အနေမှာ အမျိုးသားအဆင့် ပြစ်မှုကြိုတင်ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာတစ်ရပ် မချမှတ်နိုင်သေး တဲ့အတွက် မြို့နယ်အဆင့်မှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ များကို အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုအခြေခံ၍ မြို့နယ်အဆင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ် တစ်နည်းအားဖြင့် လတ်တလောဆောင်ရွက်နိုင်တဲ့ ပြစ်မှုကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်ခြောက်ရပ်ဖြစ်တဲ့ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်

ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ် အကဲဖြတ်ဆန်းစစ်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း စတဲ့လုပ်ငန်းစဉ်ခြောက်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်(Community Policing)နှင့် ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းစဉ်(Service Oriental Policing) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မှုခင်းကျဆင်းရေးအတွက် အဓိကအရေးပါသော တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာမှာ ခေတ်ကာလအခြေအနေနှင့်ကိုက်ညီပြီး အများပြည်သူလိုက်နာနိုင်သော ထိရောက်တဲ့ဥပဒေများအဖြစ် အစားထိုးပြင်ဆင်ဆောင်ရွက်မှုများလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လက်ရှိကိုင်တွယ်ကျင့်သုံးနေတဲ့ ဥပဒေ ၂၄ ခု အနက်က ဥပဒေနှစ်ခုကို ပြင်ဆင်ရေးဆွဲရန်၊ ဥပဒေခုနစ်ခုကိုရုပ်သိမ်းပြီး အသစ်ပြန်လည်ရေးဆွဲရန်နှင့် ထပ်မံလိုအပ်ချက်အရ ဥပဒေနှစ်ခုကိုလည်း အသစ်ရေးဆွဲနိုင်ရေးအတွက် လွှတ်တော်များသို့ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မှုခင်းကျဆင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိရာမှာ လိုအပ်တဲ့ဥပဒေများ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်း၊ လိုအပ်သည့်ရဲတပ်ဖွဲ့ဝင်အင်အားများ တိုးမြှင့်ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့ဝင်များရဲ့ စွမ်းရည်နဲ့အကျင့်စာရိတ္တမြင့်မားလာရေး အလေးထားဆောင်ရွက်လျက်ရှိတဲ့အပြင် လက်ရှိတိုးတက်ပြောင်းလဲလာတဲ့ မှုခင်းကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာအယူအဆများကို အခြေခံပြီး နိုင်ငံတော်အစိုးရရဲ့ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လတ်တလောဆောင်ရွက်နေတဲ့ အစီအမံခြောက်ရပ်ကို ရဲတပ်ဖွဲ့နှင့်တရားစီရင်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ အိုးအိမ်နေရာချထားရေး၊ လူမှုရေးဝန်ဆောင်မှုများတွင် တာဝန်ရှိသည့်ဝန်ကြီးဌာနများ၊ မီဒီယာများ၊ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO များပါဝင်တဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်း၍ မှုခင်းကျဆင်းရေးကို အလေးအနက်ထားဆောင်ရွက်လျက်ရှိတဲ့အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ရွှင်လန်း ချမ်းမြေ့ကြပါစေရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်က ဒေါ်ခင်နှင်းသစ်ဖြစ်ပြီး ယနေ့ဆွေးနွေး တဲ့အဆိုကို တင်သွင်းသူဖြစ်ပါတယ်။ ဦးစွာ ကျွန်မအဆိုကို ရှုထောင့်အမျိုးမျိုးမှ ထောက်ခံဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးကျေးဇူး တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးထောက်ပြမှု တွေကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ မူခင်းကျဆင်းရေးဆောင်ရွက်ရာမှာ ဘယ်လို ဖော်ဆောင်သင့်တယ်၊ ဘာတွေလိုအပ်နေသေးတယ်ဆို တာတွေကို ပိုမိုပေါ်လွင် ထင်ရှားစေပါတယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ ယခင်အစိုးရလက်ထက် တွေကတည်းက အကြောင်း အမျိုးမျိုးကြောင့် မှုခင်းတွေဖြစ်ပွားနေမှုကို ယခုအစိုးရသစ်အနေနဲ့ စိန်ခေါ်မှုများစွာနှင့် တာဝန်ယူ ဖြေရှင်းနေရတယ်ဆိုတာကိုပါ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ရဲ့ရှင်းလင်းတင်ပြမှု အပေါ်ကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအဆိုရှင်ရဲ့အဆိုအပေါ်မှာ ကျွန်မရဲ့သဘောထားကို ပုံပေါ်အောင် တင်ပြလို၍ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ မှုခင်းဖြစ်ပွားမှုဟာ တစ်နိုင်ငံလုံး မှာဖြစ်ပွားတာမို့ အများနှင့်သက်ဆိုင်ပါတယ်။ မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်ဟာ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်ရဲ့ တစ်စိတ်တစ်ဒေသသာဖြစ်ပေမယ့် မှုခင်းတွေဖြစ်ပွားမှုကြောင့် စီးပွားရေး၊ နိုင်ငံရေးစတဲ့ အပေါ်ထပ်အဆောက်အအုံတွေကို အချိန်တိုအတွင်းမှာ ပျက်စီးသွားစေနိုင်ပါတယ်။ ဥပမာအနေနဲ့ မိသားစုတစ်ခုကို နိုင်ငံတစ်ခုနှင့်နှိုင်းယှဉ်ပြထားပါတယ်။ ဒါ့အပြင် မှုခင်းကျဆင်းရေးဆောင်ရွက်မှုဟာ တိုင်းပြည်ဘဏ္ဍာငွေကုန်ကျမှုမှာ မနိုင်ဝန်ထမ်းနိုင်ရတဲ့အခြေအနေ မဟုတ်ပါဘူး။ စီမံခန့်ခွဲမှုအပိုင်းနှင့် ထိရောက်စွာဆောင်ရွက်မှုအပိုင်းသာ အဓိကဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဝန်ကြီးရဲ့ရှင်းလင်းတင်ပြမှုအရ မှုခင်းကျဆင်းရေးအတွက် အစိုးရကဆောင်ရွက် နေတာတွေ၊ ဆောင်ရွက်မယ့်အစီအစဉ်တွေကို သိရှိရပါတယ်။ ကျွန်မအနေနဲ့ ကျွန်မတင်သွင်းခဲ့တဲ့ အဆိုအပေါ်မှာ ပြည်ထောင်စုအစိုးရက ဆက်လက်ဆောင်ရွက်မယ်ဆိုတာ လေးလေးနက်နက်ယုံကြည် ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုအစိုးရအပေါ်မှာ အာမခံချက်တွေ၊ ကတိတွေ မလိုအပ်ဘူးလို့ခံယူ ထားပါတယ်။ ဒါ့ကြောင့် ကျွန်မတင်သွင်းတဲ့အဆိုကို လွှတ်တော်မှာမှတ်တမ်းတင်ပေးရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်နှင်းသစ်တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၆ ဦးက ဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးပါရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်နှင်းသစ်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၁၁-၈-၂၀၁၆ ရက်နေ့) မှာတင်သွင်းသွားတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၈ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာ သန်းအောင်စိုး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်း သွားတဲ့အဆိုကို မဲဆန္ဒရှင်ပြည်သူများရဲ့ လိုလားချက်များအရ စုစည်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်ဖို့အတွက် စိုက်ကွင်းအလိုက် မြေအဆင့်အတန်း Soil Test လုပ်ထားမှ အက်ဆစ်ဆန်တဲ့မြေ၊ အယ်လ်ကာလီဆန်တဲ့မြေ စသည်ဖြင့် သိပါမယ်။ ဒါမှ လိုက်ဖက်ညီမယ့်ဓာတ်မြေဩဇာကို သုံးနိုင်မှာပါ။ မြေပိုင်ဆိုင်မှု ပုံစံ(၇)တွေလည်း မှားယွင်းဖောင်းပွနေပါတယ်။ စိုက်ဘဏ်ရဲ့လက်ရှိစနစ်အရ ဝိုင်းကြီးရုပ် အကြွေးမကျေသူနဲ့တွဲမိတဲ့အတွက် စိုက်စရိတ်တွေလည်း အချိန်မီမရ ဖြစ်နေပါတယ်။ ဒါကြောင့် တစ်ဦးချင်း တာဝန်ယူတဲ့စနစ်ကို လိုလားကြပါတယ်။ မျိုးအနေနဲ့ အထွက်နှုန်းကောင်းတဲ့၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးလိုအပ်ပါတယ်။ ထိုင်းနိုင်ငံဟာဆိုရင် ဆန်အရည်အသွေးအကောင်းဆုံးနှင့် ကမ္ဘာမှာဆန်တင်ပို့မှု အများဆုံးဖြစ်နေလို့ မြန်မာနှင့် နယ်ချင်းစပ် မြန်မာရာသီဥတုနှင့် သိပ်မကွာလို့ အထူးလေ့လာသင့်ပါတယ်။ စိုက်ပျိုးရေအနေနဲ့ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဆည်ရေကိုပဲ အားကိုးရပြန်တော့ စိုက်ပျိုးရေ အောင်ရေသွင်းချိန်တွေမှာမရ မလိုတဲ့အချိန်မှရနဲ့ ကြုံနေကြရပါတယ်။ ဒ့ါအပြင် မင်းလှမှာဆိုရင် ကြို့ကုန်း၊ သဲကော၊ ကညင်ပင်၊ လွင်ပြင်ကွင်းတွေမှာ ဆည်မြောင်း လက်တံတွေ၊ မြောင်းပေါင်တွေကြောင့် စိုက်ဧကတွေ လျော့နည်းခဲ့ရပါတယ်။ ဖောက်ပြီးကတည်းက ရေတစ်ခါမှ မလာပါဘူး။ အခုလည်း ဖျက်လည်းဖျက်မပြစ်ဆိုတော့ မစိုက်ရတဲ့အချိန် ၁၅ နှစ်ရှိပါပြီ။ ဧက တော်တော်များများဆုံးရှုံးနေပါတယ်။ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကိုလည်း စံချိန်စံညွှန်းမရှိ ဝယ်ယူသုံးစွဲပြီး နည်းလမ်းတကျအသုံးပြုမှုမရှိတဲ့အတွက် မြေပျက်စီးခြင်း၊ ကုန်ကျ စရိတ်များပြားခြင်း၊ လယ်ကြား ငါး၊ ဖား၊ ငါးရှဉ့်တွေ သေကျေပျက်စီးခြင်း၊ ဓာတ်ကြွင်းအာနိသင်ကြောင့် ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်စေပါတယ်။ ကွင်းထဲမှာဆိုရင် ဖားရှာ၊ ငါးရှာစားရတာခက်သလို

ဖားသံ၊ ငါးသံတွေလည်း နည်းနေပြီးတော့ မျှော့တွေဆိုရင်တောင်မှ ရှာမရလောက်အောင် ရှားနေပါပြီ။ ဒါကြောင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် ထိန်းသိမ်းမှုစနစ်ကို ကျေးရွာတောင်သူတွေအထိ ဖြန့်ဝေပေးစေလိုပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေကို ဈေးမြင့်မြင့်ရောင်းရမှ ဆင်းရဲတွင်းက တက်နိုင်မှာပါ။ စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့ ဖရဲတွေ၊ ခရမ်းချဉ်တွေ၊ ဂေါ်ဖီထုပ်တွေရောင်းမရလို့ တောင်သူတွေ သိန်းနဲ့ချီပြီး ဆုံးရှုံးခဲ့ရပါတယ်။ Processing ဆိုတဲ့ တာရှည်ခံအောင်လုပ်ဖို့နဲ့ နိုင်ငံခြားအထိ ဈေးကွက်ရှာဖို့ကတော့ တောင်သူတွေလက်လှမ်းမမီတဲ့ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွေးမြူရေးအနေနဲ့ တစ်ပိုင်တစ်နိုင်မွေးမြူရေးကို တွဲဖက်လုပ်ရင်း တစ်အုပ်တစ်မအထိမွေးမြူခြင်းအားဖြင့် ဆင်းရဲမှုတွေ လျှော့ချနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်လုပ်ကိုင်သူတွေ များလာပါတယ်။ မွေးမြူသူတွေရဲ့ တင်ပြချက်အရ မြေအခက်အခဲရှိပါတယ်။ မွေးမြူရေးဇုန်တွေကလည်း မြို့အနည်းငယ်မှာပဲရှိတဲ့ အတွက် မြေလိုအပ်နေကြောင်း သိရပါတယ်။ မြို့အနေနဲ့ တင်သွင်းခွင့်ရသူကသာ လက်ဝါးကြီးအုပ်တဲ့ စနစ်လို ဖြစ်နေတဲ့အတွက်ကြောင့် မွေးမြူသူများ ဆိုးကျိုးခံစားနေရပါတယ်။ အစာအနေနဲ့တော့ ကိုယ့်တိုင်းပြည်ကထွက်တဲ့ ဖွဲ၊ ဆန်ကွဲ၊ နှမ်းဖတ်ကို ဈေးချိုချိုနဲ့ရောင်းပြီး နိုင်ငံခြားစပ်စာကို ဈေးကြီးကြီးပေးဝယ်နေကြရပါတယ်။ ကာကွယ်ဆေးအနေနဲ့လည်း ပြည်တွင်းမှာအဖြစ်များတဲ့ရောဂါတွေကို ပြည်တွင်းမှာပဲ ကာကွယ်ဆေးထိုးနိုင်အောင် ကြိုးစားခြင်းဖြင့် ပိုးမျိုးစိတ်အလိုက် တိကျစွာထုတ်နိုင်မှာဖြစ်လို့ ပညာရှင်တွေကိုလည်း အခွင့်အလမ်းပေးရမှာဖြစ်ပါတယ်။ ကုသဆေး၊ အားဆေးတွေ လွန်မင်းစွာသုံးစွဲမှု၊ ဆေးချိန်ပမာဏနဲ့ ဆေးပေးချိန်ကာလမမှန်မှု၊ Over Dosage, Under Dosage ဖြစ်မှု၊ စောင့်ဆိုင်းကာလ (Withdraw Period) မစောင့်မှု၊ ဆေးကျွေးမှုနဲ့ ပိုးမွှားဆေးဒဏ်ခံနိုင်မှုတွေဖြစ်ပေါ်စေပါတယ်။ ရောဂါထိန်းချုပ်မှုအနေနဲ့တော့ ကြက်တုပ်ကွေး(H5N1), ဝက်နားရွက်ပြာ (PRRS) စတဲ့ ရောဂါတွေထိန်းချုပ်ဖို့အတွက် ခေတ်မီဓာတ်ခွဲခန်းကြီးတွေ လိုအပ်ပါတယ်။ မုံရွာဇုန်ကြက်မွေးမြူရေးမှာ ဓာတ်ခွဲအဖြေတွေ ပွင့်လင်းမြင်သာမှုမရှိတဲ့၊ နောက် အချိန်မီလျော်ကြေးပေးရမှုမရှိတဲ့အတွက် မွေးမြူသူတွေ လွန်စွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။ ပြည်တွင်းမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စတဲ့တိရစ္ဆာန်တွေ သယ်ရတာ ခက်ခဲနေပေမယ့် ကျွဲ၊ နွားမှောင်ခိုတွေကတော့ တစ်ဘက်နိုင်ငံကို ထွက်နေပါတယ်။ ဒီလိုဖြစ်နေမယ့်အစား ဌာနဆိုင်ရာကြိုးနီစနစ်တွေကိုလျှော့ပြီး ပြည်တွင်းသယ်ယူရ လွယ်ကူခြင်း၊ မြို့ကြီးများနှင့် နယ်စပ်မြို့တွေမှာ အရှင်ဈေးကွက်(Life Market)တွေထားပေးခြင်းအားဖြင့် နိုင်ငံအတွက် အခွန်ရရှိစေမှာဖြစ်ပါတယ်။ အေးခဲသားတင်သွင်းမှုကလည်း ရေတိုကာလ

အကျိုးရှိတယ်ထင်ရပေမယ့် ရေရှည်အတွက်မိမိနိုင်ငံမွေးမြူရေးတိုးတက်မှုကို အာရုံစိုက်သင့်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ်ဆိုရင် တောင်သူများ ဆင်းရဲမွဲတေမှုမှ ကုန်းရုန်းထလာနိုင်မှာဖြစ်တဲ့အတွက် ဝေါမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အရာတော် မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုဟာ အခြေခံဥပဒေနှင့် ကိုက်ညီပါတယ်။ အခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်လို့ ပါပါတယ်။ အဲဒါ ကြောင့် အကြောင်းအမျိုးမျိုးပြပြီး သိမ်းဆည်းထားသောလယ်ယာမြေများကို ဥပဒေနှင့်အညီ ပြန်လည် အပ်နှင်းရပါမယ်။ နောက် အခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)မှာလည်း စိုက်ပျိုးထုတ်လုပ် သည့် သီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိအောင် ကူညီဆောင်ရွက်ရမည်လို့ ပါရှိပါတယ်။ အဲဒါ ကြောင့် လိုအပ်ပါက အခြားနိုင်ငံများမှ တင်သွင်းသောထုတ်ကုန်များကို အခွန်တိုးမြှင့်ခြင်း၊ ဥပဒေများ ပြဋ္ဌာန်းပေးခြင်းဖြင့် တောင်သူလယ်သမားများရဲ့ သီးနှံဈေးကွက်ကို ကာကွယ်ပေးရပါမယ်။ မြန်မာ နိုင်ငံဟာ အရှေ့တောင်အာရှမှာ မြေသယံဇာတ၊ ရေသယံဇာတအပေါ်များဆုံးဖြစ်ပါတယ်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ စပါး၊ ဂျုံ၊ ပြောင်း၊ ပဲမျိုးစုံ အစရှိတဲ့ မည်သည့်သီးနှံမဆိုစိုက်ပျိုးဖြစ်ထွန်းနိုင်ပါ တယ်။ စိုက်ပျိုးရေးကဏ္ဍဟာ မြန်မာပြည်တွင်းထုတ်လုပ်မှု GDP ရဲ့ ၃၈ ရာခိုင်နှုန်းရှိပါတယ်။ အလုပ် အကိုင်အခွင့်အလမ်းအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးလုပ်ငန်းက ဖန်တီးပေးထားပါတယ်။ အဲဒါကြောင့် ကျေးလက်ပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးဖို့ အထူးပဲအရေးကြီးပါတယ်။ အဲဒီအတွက် အရေးကြီးတဲ့အချက်များကို တင်ပြလိုပါတယ်။

**မူကြမ်း**

(၁) တောင်သူလယ်သမားသုံးပစ္စည်းကိရိယာများကို အခွန်မဲ့ သို့မဟုတ် အခွန်လျှော့ပေါ့ပြီး နိုင်ငံခြားမှ တင်သွင်းပေးစေလိုပါတယ်။ အဓိကပစ္စည်းများကတော့ ထွန်စက်၊ ပိုးသတ်ဆေး၊ အားဆေး၊ မြေဩဇာအစရှိသည်တို့ ဖြစ်ပါတယ်။ ထွန်စက်၊ လှေ့စက်၊ ချွဲစက်အစရှိတဲ့ တန်ဖိုးကြီးအသုံးအဆောင်များကို ချေးငွေစနစ်ဖြင့် ရောင်းချခြင်း၊ အရစ်ကျရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးစေလိုပါတယ်။ (၂) အနေနဲ့ စိုက်ပျိုးရေးချေးငွေများကိုလည်း လုံလောက်စွာဖြင့် ပံ့ပိုးပေးစေလိုပါတယ်။ တောင်သူများအတွက် ချထားပေးသောချေးငွေမှာ အလွန်တရာနည်းပါးလှပါတယ်။ တစ်ဧက ကျပ် ၂၅၀၀၀ ချေးငွေမှာ ထွန်ယက်စရိတ်ပင် မလောက်ငှပါခင်ဗျား။ မြစိမ်းရောင်စီမံကိန်းကဲ့သို့ ချေးငွေများကိုလည်း ပွင့်လင်းမြင်သာစွာ၊ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သင့်ပါတယ်။ မြစိမ်းရောင်စီမံကိန်းကို မသိသောတောင်သူလယ်သမားများ များစွာရှိပါတယ်။ (၃)အနေနဲ့ စိုက်ပျိုးရေးနည်းပညာ ပံ့ပိုးရေးနှင့် ပတ်သက်လို့ ပြောချင်ပါတယ်။ တောင်သူလယ်သမားများဟာ စိုက်ပျိုးရေးအသိပညာအလွန်နည်းပါးကြပါတယ်။ လူပျင်း၊ လူကတ် တောင်သူလယ်သမားတချို့ရဲ့ လက်သုံးစကားကို ကျွန်တော် ပြောချင်ပါတယ်။ မကျည်းပင်၊ တမာပင်တွေ ဘယ်သူမြေဩဇာကျွေး၊ ပိုးသတ်ဆေးဖြန်းလို့ ရှင်သန်ကြီးထွားနေတာလဲဆိုပြီးတော့ ပြောလေ့ရှိပါတယ်။ တောင်သူလယ်သမားအများစုဟာ မျိုးစေ့ကို သူများနိုင်ငံများမှာ မျိုးစေ့ဘဏ်မှ ဝယ်ယူစိုက်ပျိုးကြတာကို မသိကြပါဘူး။ နားလည်းမလည်ပါဘူး။ မိမိမျိုးချန်ထားသော မျိုးကိုသာ စိုက်ပျိုးကြပါတယ်။ အဲဒီအတွက် သီးနှံအထွက်နှုန်းဟာ အရည်အသွေးဟာ ကြာလေကျလေဖြစ်လာပါတယ်။ မြန်မာပြည်တွင် အရည်အသွေးပြည့်မီပြီး အသိအမှတ်ပြုခံနိုင်တဲ့ စပါးမျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးနိုင်မှုဟာ အမှန်တကယ် လိုအပ်ချက်ရဲ့ တစ်ရာခိုင်နှုန်းပဲ ရှိပါတယ်။ အခြားသီးနှံတွေကတော့ ဒီထက်ပိုဆိုးပါတယ်။ ဓာတ်မြေဩဇာကိုလည်း လုံလောက်စွာ မသုံးစွဲနိုင်ကြပါဘူး။ ဓာတ်မြေဩဇာရဲ့ အရည်အသွေးနဲ့ပတ်သက်လို့လည်း အာမခံပေးနိုင်ခြင်း မရှိပါဘူး။ တစ်ခါတစ်ရံ အာဟာရဓာတ်များ လွဲမှားစွာသုံးစွဲနေကြတာ တွေ့ရပါတယ်။ အဲဒါကြောင့် မြန်မာပြည်အနှံ့ စိုက်ပျိုးရေးပညာရှင်များ စေလွှတ်ပြီး အသိပညာပေးသင့်ပါတယ်။ စိုက်ပျိုးရေးဓာတ်ခွဲခန်းများကိုလည်း မြို့နယ်တိုင်းမှာ ထားပေးသင့်ပါတယ်။ တောင်သူလယ်သမားများဟာ အပင်များတွင် ကျရောက် ဖျက်ဆီးသော မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ်ပိုးများကို လုံးဝမသိမကြားဖူးကြပါဘူး။

နောက် ဆည်ရေပေးဝေရေးနဲ့ပတ်သက်လို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စိုက်ပျိုးဧရိယာ ၁၅ ရာခိုင်နှုန်းဖြစ်တဲ့ ဟက်တာသုံးသန်းကိုပဲ ဆည်ရေပေးနိုင်ပါတယ်။ အင်ဒိုနီးရှားနဲ့ ထိုင်းမှာတော့ စိုက်ပျိုးဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ တရုတ်ပြည်မှာတော့ ၅၀

ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံမှာတော့ ၇၀ ရာခိုင်နှုန်းပေးနိုင်ပါတယ်။ အဲဒါတွေနဲ့ ယှဉ်လိုက်လို့ရှိရင် မြန်မာနိုင်ငံမှာ ရေပေးဝေနိုင်တာ အလွန်နည်းနေတာကို တွေ့ရပါတယ်။ အထက်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချ နိုင်ပါကြောင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧက အထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အပြုသဘောနဲ့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးတင်ထွေး တင်သွင်းတဲ့အဆိုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်စေဖို့ လယ်စိုက်တောင်သူများ ခေတ်မီ စိုက်ပျိုးစနစ်နဲ့ စိုက်ပျိုးနိုင်ပြီး မှန်ကန်တဲ့မြေဩဇာများရွေးချယ်အသုံးပြုနိုင်ဖို့ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိနိုင်ရန် ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ရေပေးဝေမှုများ လုံလောက်စွာ ရရှိစေခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ လုံလောက်စွာရရှိစေခြင်း၊ ရာသီဥတုဖောက်ပြန်မှုနဲ့ သဘာဝဘေးအန္တရာယ်များဒဏ်မှ ခံနိုင်ရည်ရှိစေရန် အသီးအနှံအာမခံထားရှိခြင်းတို့ကို ဆွေးနွေးခဲ့ပါတယ်။ ၎င်းအချက်ထဲမှ စိုက်ပျိုးစရိတ်ချေးငွေ လုံလုံလောက်လောက်ရရှိရန်နှင့် အသီးအနှံ အာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ပတ်သက်လို့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံးဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာရှိပြီး အာဆီယံဒေသနဲ့ စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှုတွေအတွက်လည်း အမိကကျတဲ့ ပထဝီအနေအထားကို ပိုင်ဆိုင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ မတူကွဲပြားတဲ့ရာသီဥတု၊

တောတောင်ရေမြေတွေနဲ့ ဖြစ်ပေါ်နေတဲ့ဂေဟစနစ်တွေကြောင့် ကောက်ပဲသီးနှံ၊ ပန်းမန်မျိုးစုံ ဖြစ်ထွန်းနိုင်တဲ့အပြင် သားငါးမွေးမြူရေးကိုလည်း အထောက်အကူပြုနိုင်ပါတယ်။ အဲဒီအချက်တွေကြောင့် နိုင်ငံရဲ့အရေးကြီးလှတဲ့ စိုက်ပျိုးရေးကဏ္ဍကို ချေးငွေဝန်ဆောင်မှုပေးနေတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်မှုဘဏ်ဟာ မိမိရဲ့ချေးငွေဝန်ဆောင်မှုကိုယူကြတဲ့ Customer များရဲ့လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဝန်ဆောင်မှုပေးနိုင်ဖို့ အပ်နှံငွေများလက်ခံပြီး စိုက်ပျိုးစရိတ်ချေးငွေများ လုံလုံလောက်လောက်ထုတ်ပေးနိုင်တဲ့ တင်းပြည့်ကျပ်ပြည့်ဘဏ်ဖြစ်ဖို့ လိုအပ်နေပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်အနေနဲ့ ထုတ်ချေးနိုင်တဲ့ငွေပမာဏ၊ အချိန်အတိုင်းအတာနဲ့ ထုတ်ချေးငွေအမျိုးအစားတို့ဟာ စိုက်ပျိုးတောင်သူတွေအပါအဝင် စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးဖို့အတွက် တကယ်ပဲထိထိရောက်ရောက် ဝန်ဆောင်မှုပေးနိုင်မည်လားဆိုတာကို မိမိတို့ကိုယ်တိုင် အားမနာတမ်းဆန်းစစ်သင့်ပါတယ်။ ချေးငွေထုတ်ချေးခြင်းပုံစံ ရေရှည်အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရမှာဖြစ်ပြီး အမှန်တကယ်တောင်သူများအကျိုးရှိမယ့် ပုံစံဖြစ်စေဖို့နဲ့ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတော်စီးပွားရေးတိုးတက်စေဖို့ ချေးငွေသက်တမ်းပမာဏနဲ့ ချေးငွေအမျိုးအစားတို့ကို ပြန်လည်စဉ်းစားပြီး စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အခြားရင်းနှီးမြှုပ်နှံမှု ကွင်းဆက်များအတွက်လည်း လိုအပ်တဲ့ငွေထုတ်ချေးခြင်းမျိုးဖြစ်လာအောင် ဆက်လက်ဆောင်ရွက်၊ တိုးမြှင့်ဆောင်ရွက်သင့်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် ချေးငွေရဲ့ ၈၈ ရာခိုင်နှုန်းဟာ လယ်စိုက်တောင်သူတွေအတွက်သာဖြစ်ပြီး လယ်သမားတစ်ဦးကိုလည်း ၁၀ ဧက အထိသာ ထုတ်ချေးနိုင်ပါတယ်။ စိုက်ပျိုးရေးနဲ့ဆက်နွယ်တဲ့ အောက်ပါဆက်စပ်လုပ်ငန်းများကို မထုတ်ချေးနိုင်သေးတာကို လေ့လာတွေ့ရှိရပါတယ်ရှင်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဈေးကွက်အလားအလာရှိပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မယ့် သစ်သီးဝလံပန်းမန်များနှင့် စက်မှုသီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာသစ်များနှင့် သိုလှောင်ခြင်းနည်းပညာများရယူခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ခေတ်မီစက်ကိရိယာများကို ဝယ်ယူခြင်း၊ တန်ဖိုးမြင့်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဈေးကွက်ရှာဖွေခြင်းတို့ ဖြစ်ပါတယ်ရှင်။ ယခုပြောခဲ့တဲ့လုပ်ငန်းများအတွက် ချေးငွေများထုတ်ပေးနိုင်ခဲ့လို့ရှိရင် စိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ပြည်တွင်းပြည်ပဈေးကွက်များကို တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေများလည်း တိုးတက်ရရှိနိုင်မှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ လယ်ယာနှင့်စိုက်ပျိုးရေးထွက်ကုန်များဟာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်၊ ပိုးမွှားများဒဏ်နှင့် ဈေးနှုန်းမတည်မငြိမ်ဖြစ်ခြင်းရဲ့ဒဏ်များ ခံရနိုင်တာကြောင့် တောင်သူများချေးငွေပြန်မဆပ်နိုင်တဲ့အဖြစ်များမှ ကင်းဝေးပြီး ဆုံးရှုံးနိုင်ခြေများမှ ခံနိုင်ရည်ရှိဖို့ အနာဂတ်လှပဖို့ စိုက်ပျိုးရေးအာမခံလုပ်ငန်းကိုလည်း တွင်ကျယ်အောင် မြေတောင်မြှောက်သင့်ပါကြောင်း တိုက်တွန်းပြောကြားလိုပါတယ်ရှင်။ ဒီနေရာမှာ ကျွန်မအထူးပြုပြောကြားလိုတာကတော့ လယ်စိုက်တောင်သူများအပြင် စိုက်ပျိုးရေးနှင့်ဆက်နွယ်လုပ်ကိုင်ကြတဲ့ ပြည်သူများကို ချေးငွေလုံလောက်စွာရရှိပြီး တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အပြင် ချေးငွေဝန်ဆောင်မှုဈေးကွက်ဖြစ်ထွန်းလာစေဖို့ အခြားနည်းလမ်းများဖြင့်လည်း ဖန်တီးပေးစေလိုပါတယ်။ ဥပမာ- ဂိုဒေါင်များမှာ သိုလှောင်ထားတဲ့ လယ်ယာထွက်ကုန်များကို အာမခံထားပြီးငွေချေးနိုင်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေတည်ထောင်ခြင်း၊ ကျေးမြို့အာမခံရန်ပုံငွေများ တည်ထောင်ခြင်း၊ အသေးစားချေးငွေလုပ်ငန်းများကို မြေတောင်မြှောက်ခြင်း၊ ရာသီဥတုညွှန်းကိန်းကို အခြေခံတဲ့စိုက်ပျိုးရေးအာမခံစနစ်များထားရှိခြင်းနှင့် ဈေးကွက်သတင်းအချက်အလက်မျှဝေခြင်းတို့ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရလို့ရှိရင် မြန်မာ့စိုက်ပျိုးရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်မှုအပြင် ပုဂ္ဂလိကကဏ္ဍ အသေးစားချေးငွေဈေးကွက် ပိုမိုအားကောင်းလာဖို့နဲ့ စိုက်ပျိုးရေးအာမခံဈေးကွက်တွေကို ဖော်ထုတ်ပြီး စိုက်ပျိုးရေးချေးငွေများ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဘဏ်တစ်ခုတည်းကိုအလွန်အမင်းအားထားမှုမှ တစ်ဖြည်းဖြည်းလျှော့ချနိုင်ဖို့ အစီအစဉ်တွေချမှတ်ဆောင်ရွက်သင့်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အလျောက် နိုင်ငံတော်အစိုးရမှ စိုက်ပျိုးရေးကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင် ထောင့်ပေါင်းစုံမှမြေတောင်မြှောက်ခြင်းဟာ တိုင်းပြည်ရဲ့ဆင်းရဲနွမ်းပါးမှုကိုလျှော့ကျစေပြီး ကြွယ်ဝချမ်းသာမှုရဲ့ အသီးအပွင့်တွေကို အတူတကွမျှဝေပိုင်ဆိုင်ကြမှာဖြစ်လို့ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့အဆိုကိုထောက်ခံအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်ရှိန်(မဘိမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန် ဖြစ်ပါတယ်။ ဒီကနေ့ ဝေါမဲဆန္ဒနယ်က

ဦးတင်ထွေးတင်သွင်းသွားတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အပိုင်းနှစ်ပိုင်းခွဲပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ အစိုးရရဲ့အပိုင်းကို ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိအနေအထားအရ အစိုးရရဲ့သက်တမ်းဟာ လေးလနဲ့ ဒီကနေ့မှ ၁၇ ရက်ပဲရှိပါသေးတယ်။ အင်မတန်နုနယ်တဲ့ အစိုးရဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အစိုးရကို လော်ဘီလုပ်တာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ မေးခွန်းတွေ၊ အဆိုတွေဟာ ကိုယ်တင်မြှောက်ထားတဲ့အစိုးရကို လည်ပင်းညှစ်သလိုဖြစ်နေမှာစိုးလို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့ပတ်သက်တာပဲ ဆွေးနွေးပါ။

**ဦးအောင်မြင့်ရှိန်(မဘိမ်းမဲဆန္ဒနယ်)**။ ။ဒီနေရာမှာ ကျွန်တော်တို့ လက်ရှိအနေအထားအရ တစ်တိုင်းပြည်လုံးမှာ ရေကြီးရေလျှံနစ်မြုပ်မှုဖြစ်နေတဲ့အတွက် လယ်သမားတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ အင်မတန်မှအရေးပါပါတယ်။ လက်ရှိအနေအထားအရ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ ရေနစ်မြုပ်နေတာဆိုရင် ဧကပေါင်း သိန်းနဲ့ချီပြီးတော့မှ ပျက်စီးနေပါပြီ။ အဲဒီအတွက် နိုင်ငံတော်အနေနဲ့ မျိုးစပါးတွေအများကြီးထောက်ပံ့ရမှာဖြစ်ပါတယ်။ ဒါကလည်း အင်မတန်အရေးပါတဲ့အချက်ဖြစ်ပါတယ်။ နောက်ပြီးတော့မှ တောင်သူတွေအတွက် တစ်ဧကဖွံ့ဖြိုးတိုးတက်ဖို့၊ အထွက်နှုန်းတွေတိုးတက်ဖို့အတွက်ဆိုလို့ရှိရင် နည်းပညာတွေ၊ မျိုးစပါးတွေ၊ သွင်းအားစုတွေကို သွင်းနိုင်ဖို့လိုအပ်ပါတယ်။ တစ်ချိန်တုန်းကဆိုလို့ရှိရင် နိုင်ငံတော်အနေနဲ့ တောင်သူတွေကို ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေထောက်ပံ့ပေးခဲ့တဲ့ အစီအစဉ်များရှိခဲ့ဖူးပါတယ်။ ဒီနေ့ခေတ်အခါမှာလည်းပဲ ဒီလိုမျိုးအစီအစဉ်မျိုးကို ထပ်မံပြီးတော့မှ ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ တောင်သူတွေအတွက် အင်မတန်မှအဆင်ပြေပါလိမ့်မယ်။ စက်မှုလယ်ယာကနေပြီးတော့မှ ပြောင်းလဲဖို့အတွက်ဆိုလို့ရှိရင် လက်ရှိအနေအထားမှာကိုက ကျွန်တော်တို့ ကျေးလက်ဒေသမှာ အလုပ်အကိုင်ရှားပါးမှုပြဿနာနဲ့ ကြုံတွေ့ရလို့ တိုင်းတပါးကို သွားရောက်ပြီးတော့မှ အလုပ်အကိုင်ရှာဖွေနေရတဲ့ ဖြစ်စဉ်တွေရှိပါတယ်။ ဒီနေရာမှာ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ပြောင်းလိုက်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့

ကျေးလက်ဒေသတချို့မှာ အလုပ်အကိုင် ဒါတွေလည်းပဲ ရှားပါးလာနိုင်ပါတယ်။ ဒါတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ နောက်ပြီးတော့မှ တောင်သူတွေကို အထွက်နှုန်းတွေ တိုးလာဖို့အတွက်ဆိုလို့ရှိရင် လက်ရှိပေးနေတဲ့ စိုက်ပျိုးရေး စရိတ်ချေးငွေတွေကို အချိန်မှန်မှန်ရရှိပြီးတော့ အကျိုးရှိရှိသုံးနိုင်ဖို့အတွက် ငွေကြေးအသုံးချ စိုက်နည်းစနစ်တွေ၊ အသုံးချနည်းစနစ်တွေ ကျေးလက်အရောက်ပို့ချပေးဖို့လိုပါတယ်။ အရင်တုန်းက ကျွန်တော်တို့ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းလိုဟာမျိုး ကျွန်တော်တို့ဒီခေတ်မှာလည်းပဲ တချို့အခုဖွင့်နေပြီလို့ပြောပါတယ်။ ဒါတွေကိုလည်း ဆက်လက်ပြီးတော့မှ ဖွင့်လှစ်ပေးနိုင်မယ်ဆိုလို့ရှိရင် တောင်သူများ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ပညာတတ်မြောက်တဲ့ တောင်သူများအနေနဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ သိရှိလာနိုင်မှာဖြစ်ပါတယ်။ နောက်ပြီးတော့ မွေးမြူရေးကဏ္ဍအတွက်ဆိုလို့ရှိရင်လည်းပဲ မွေးမြူရေးမှာ ဟိုအရင်တုန်းကဆိုလို့ရှိရင် ကြက်ခြေပြာလို့ဆိုတဲ့ တိရစ္ဆာန်မွေးမြူရေး၊ ဆေးကုသရေးပညာတွေကို သင်ပေးတဲ့ကိစ္စမျိုးတွေရှိပါတယ်။ အခုခေတ်မှာလည်းပဲ ဒါတွေကို ဆက်လက်ပြီး တွန်းအားပေးပြီးတော့မှ သင်တန်းကျောင်းတွေဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် အဆင်ပြေဖို့ရှိပါတယ်။ နောက်ပြီးတော့ တောင်သူတွေကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သူတို့ထုတ်လုပ်တဲ့ပစ္စည်းတွေကို ဈေးကွက်ကို အချိန်မီလွယ်ကူစွာပို့ဆောင်ဖို့အတွက်ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းဖို့လိုအပ်ပါတယ်။ သူတို့ရဲ့သီးနှံတွေဟာ ဒါမှသာလျှင် ဈေးကွက်ကို အလွယ်တကူရရှိနိုင်မှာဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ကျွန်တော်တို့ကျေးလက်တွေမှာ တိ/မွေးကုဘက်ကနေပြီးတော့မှ မွေးဖက်ဆိုတဲ့ဥစ္စာဟာ ပေးတာရှိပါတယ်။ ဒါပေမဲ့ ဒီမွေးဖက်ဟာလည်းပဲ လက်ရှိအနေအထားအရကြည့်ရတဲ့အခါမှာ သိပ်ပြီးတော့မှ တွင်ကျယ်အောင်မြင်မှုမရှိတာကို တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ ကျေးလက်နေပြည်သူများ တစ်ဧကအထွက်နှုန်း တိုးပြီးတော့မှ လူနေမှုအဆင့်အတန်း မြင့်မားဖို့အတွက်ဆိုလို့ရှိရင် လိုအပ်ချက်တွေကတော့ အများကြီးရှိတာမှန်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိတည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အစိုးရအနေနဲ့ ကျေးလက်နေပြည်သူများအား ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထောက်ပံ့ကူညီပေးနိုင်ပါရန် ကျွန်တော်တို့ တိုက်တွန်းရမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံတင်ပြပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးရာမှာ ကျွန်မတို့ ကျေးလက်တွေကို ကွင်းဆင်းတဲ့အခါမှာ ရရှိလာတဲ့အတွေ့အကြုံများကို အခြေခံပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာမှာ ကျေးလက်နေလူဦးရေဟာ ၇၀ ရာခိုင်နှုန်းကျော်ဆိုပေမယ့် ဥပမာ - ကျွန်မတို့ရဲ့မြို့နယ်မှာဆိုရင်တော့ ၈၅ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးတော့ ကျေးလက်နေတောင်သူများ လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်မှ ဖြည့်စွမ်းပေးသင့်တဲ့အချက်ကတော့ လုံလောက်သောနှစ်ရှည်ချေးငွေရရှိရေးပဲဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယခုနှစ်အထိ နှစ်စဉ်ချေးလျက်ရှိတဲ့ ချေးငွေဟာ နှစ်တိုချေးငွေဖြစ်လို့ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ဆပ်ရတဲ့အခါမှာ တောင်သူများ စပါးပေါ်ရာသီချိန်မှာ ကာလပေါက်ဈေးအနိမ့်ဆုံးဖြစ်နေတဲ့အတွက် လက်ရှိအချိန်ပေါက်ဈေးနဲ့ယှဉ်လျှင် ထက်ဝက်ခန့်ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် စိုက်ဘဏ်ချေးငွေဆပ်ချိန်မှာ စပါးတင်း ၂၀၀ ရောင်းချခဲ့သူဟာ ယခုအချိန် စပါးတင်း ၁၀၀ တန်ဖိုးနဲ့ တူညီနေလို့ တင်း ၁၀၀ ဖိုး နစ်နာနေသလိုဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ တောင်သူများ စပါးဈေးကွက် အာမခံချက်ရရှိရန် လိုအပ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာကိုပြောင်းရွှေ့ရန်အတွက် လယ်ယာမြေများကို ဧကကွက်များ နိုင်ငံအဝန်းဖော်ဆောင်ပေးရန် လိုအပ်ပါတယ်။ စက်မှုလယ်ယာဖွံ့ဖြိုးခဲ့လျှင် အချိန်၊ ငွေကြေးကုန်ကျမှုသက်သာမှာဖြစ်ပြီးတော့ လယ်ယာလုပ်သားရှားပါးတဲ့ပြဿနာလည်း ပြေလည်သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများဟာ ရာသီဥတုအပေါ်မှာမှီနေပါတယ်။ မိုးခေါင်ခြင်း၊ မိုးများခြင်း၊ ယခုနှစ်ကဲ့သို့ ရေကြီးခြင်းဖြစ်ပေါ်လျှင် စိုက်ခင်းများပျက်စီးမှုများ၊ ပိုးမွှားအန္တရာယ်များအပေါ်မှာ သီးနှံအောင်မြင်မှုဟာ မူတည်နေပါတယ်။ သို့ပါ၍ ရေနက်ကွင်းဧရိယာများကို ခေတ်မီသော ရေတံခါးပါတဲ့ ရေနုတ်မြောင်းများ၊ ကုန်းကျသော လယ်ယာမြေများကို သင့်တော်သောဒေသမှာ လယ်ခြားဆည်များနှင့် လယ်ကြားမြောင်းများကောင်းမွန်အောင် စီစဉ်ပေးရန် လိုအပ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေတောင်သူများအား စိုက်ပျိုးရေးအသိပညာဗဟုသုတနှင့် နည်းပညာများ စဉ်ဆက်မပြတ်ပေးရန် လိုအပ်ပါတယ်။ တောင်သူများသုံးစွဲနေတဲ့ ဓာတ်မြေဩဇာများဟာ သီးနှံပင်နှင့် အမှန်တကယ်လိုအပ်သည် မလိုအပ်သည်ကိုလည်းကောင်း၊ နောက် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးတို့ရဲ့ ဘေးထွက်ဆိုးကျိုးများ

**မူကြမ်း**

ကိုလည်း လက်တွေ့ကျကျအသိပညာပေးသင့်ပါတယ်။ တောင်သူများတွက်ခြေကိုက်မယ့် သီးနှံများကို စိုက်ပျိုးနိုင်ရန်၊ သီးနှံတစ်ခုချင်းအပေါ်မှာ လေ့လာနိုင်ရန် အခွင့်အလမ်းများလည်း ဖန်တီးပေးဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ပံ့ပိုးနိုင်ရန်ပြုလုပ်တဲ့စီမံကိန်းများ ဥပမာ - လျှပ်စစ်မြစ်ရေတင်စီမံကိန်းလို စီမံကိန်းများဟာလည်း လက်တွေ့မှာ အမှန်တကယ်အောင်မြင်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့မြို့နယ်နှင့် ဥပမာပေးရမယ်ဆိုရင် ခေတ်အဆက်ဆက်က ပြုလုပ်ခဲ့တဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ စီမံကိန်းဧရိယာတစ်ဝက်ခန့်ပဲ အောင်မြင်ပြီးတော့ ကျန်ဧရိယာ တစ်ဝက်ခန့်ဟာ မအောင်မြင်ဘဲနဲ့ ပြည်သူ့ဘဏ္ဍာတွင် အလေအလွင့်ဆုံးရှုံးနေရတာကို တွေ့ရပါတယ်။ နောက် တူးမြောင်းများအတွက် မြေနေရာများပေးလိုက်ရတဲ့အတွက်ကြောင့်မို့လို့ တောင်သူများမှာ နစ်နာပြီးတော့ ရေလည်းမရတဲ့အတွက်ကြောင့်မို့လို့ အကျိုးမရှိတာကို တွေ့ရပါတယ်။ နောက်နောင်မှာ ထိုသို့သော အဟောသိကံဖြစ်တဲ့စီမံကိန်းများမဟုတ်ဘဲနဲ့ အမှန်တကယ်အကျိုးရှိတဲ့ စီမံကိန်းများဖြစ်ဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် ဗဟုသုတနည်းပညာများပေး၍ စနစ်တကျမွေးမြူနိုင်ရန် ဝင်ငွေတိုးရန်လည်း ပံ့ပိုးပေးသင့်ပါတယ်။

ကျွန်မတို့ ကျေးလက်ဒေသတွေကို ကွင်းဆင်းပြီးတော့ ပြည်သူနဲ့ ထိတွေ့တဲ့အခါမှာ ပညာ တစ်ပိုင်းတစ်စဖြစ်နေတဲ့ လူငယ်လေးတွေ၊ မိန်းမငယ်လေးတွေကို တွေ့ခဲ့ရပါတယ်။ သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနဲ့ပတ်သက်တဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပေးပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးသင့်ပါတယ်။ ဒါ့အပြင် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ကျေးလက်လူနေမှုဘဝမြှင့်တင်ရေးနှင့်စပ်လျဉ်းပြီးတော့ ဖြည့်စွက်ဆွေးနွေးရမည်ဆိုလျှင် ကျေးလက်မှာ ဘွဲ့ရ၊ အလုပ်လက်မဲ့ လူငယ်၊ လူလတ်ပိုင်းများကိုလည်း တွေ့ရပါတယ်။ အလုပ်ရရှိရန် ကြိုးပမ်းရင်းနဲ့ပဲ အသက်တွေလွန်လာကြတာ တွေ့ရပါတယ်။ လူငယ်သာမက လူလတ်ပိုင်းများပါ အလုပ်ရရှိရေးကို စဉ်းစားပြီးတော့ အစိုးရအလုပ်ပဲဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းများမှာပဲဖြစ်စေ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေအရ အသက်ကန့်သတ်ချက်များကို လျှော့ပေးသင့်ကြောင်းလည်း အကြံပြုလိုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့လည်း အဓိကလိုအပ်ပါတယ်။ ရာသီစုံသွားလာနိုင်သောလမ်းများဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ ဘဏ္ဍာရေး အခြေအနေအရ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားကြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရ ဌာနများမှ တာဝန်ရှိသူအားလုံးဟာ စေတနာပါပါ မှန်မှန်ကန်ကန်ဆောင်ရွက်ဖို့လိုအပ်သလို ကျွန်မတို့

**မူကြမ်း**

ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးတဲ့အခါမှာ အဆိုနှင့်စပ်လျဉ်းတဲ့စည်းကမ်းချက်တွေကို လိုက်နာဖို့လိုပါတယ်။ ဤလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ဂ)မှာ အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်ဆိုတဲ့ဟာကို လွှတ်တော်ကိုယ်စားလှယ်များ အထူးဂရုပြုစေလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစီအစဉ် ၉ ကို မနက်ဖြန် (၁၈-၈-၂၀၁၆)ရက်နေ့မှာ ဆက်လက်ဆောင်ရွက်ပါ့မယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**